LOS ANGELES COUNTY
REGISTRAR-RECORDER/COUNTY CLERK

# 2026 Election Administration Plan

# 2026 ခုနှစ် ရွေးကောက်ပွဲ စီမံခန့်ခွဲရေး အစီအစဉ်

Burmese – မြန်မာစာ

# Los Angeles County Election Administration Plan

**DEAN C. LOGAN**

Registrar-Recorder/County Clerk

Report Authors: Kathay Feng, Mike Sanchez

Special thanks to: Adrian Avelar, Alexis Bennett, Aman Bhullar, Monica Flores, Noha Ghaly, Hilda Turcios Guerrero, Brian Ikenaga, Terina Keresoma, Blanca Lopez, Nicholas Low, Mayan Nath, Aaron Nevarez, and Belinda Panelo.

Additional thanks to our translation team: Roza Arshakyan, Sersendemid Byambadash, Chakriya Cheak, Madhavi Chittapragada, Hasan Chowdhury, Vu Chu, Enkhtuya Damdin, Joseph Fortin, Salakjit Getbamrungrat, Kiyoshi Halal-Ono, Soe Min Hein, Shabnam Jannati, Nandkishor Khidkikar, Srishti Kumar, Megan Padilla, Jorge Salazar, Elena Soboleva, Timotius Winarso, Chung Wong, and Eileen Yu.

# မာတိကာ

**နိဒါန်း** .......... 4

**မဲဆန္ဒရှင်၏ ရွေးချယ်မှု အက်ဥပဒေ** .......... 5

**LOS ANGELES ကောင်တီတွင် VCA အကောင်အထည်ဖော်မှု** .......... 5

**အပိုင်း 1 - မဲဆန္ဒရှင် ဝန်ဆောင်မှုများ၊ ကွင်းဆင်းခြင်းနှင့် ပညာရေး** .......... 7

1-A. အသိုင်းအဝိုင်း ပါဝင်မှု .......... 8

1-B. မီဒီယာနှင့် အများပြည်သူ ကွင်းဆင်းဟောပြောခြင်း .......... 17

1-C. လူထု ပါဝင်ပတ်သက်မှု၊ ပြည်သူ့ပညာရေး၊ ကွင်းဆင်းခြင်းနှင့် မီဒီယာ ဘတ်ဂျက် .......... 25

1-D. ဘာသာစကား အသုံးပြုခွင့် .......... 25

1-E. မသန်စွမ်း အသုံးပြုခွင့် .......... 29

**အပိုင်း 2 - မဲစင်တာများနှင့် မဲပေးလွှာထည့်ပုံး တည်နေရာများ** .......... 33

2-A. မဲစင်တာများ .......... 34

2-B. မဲပေးလွှာထည့်ပုံးများ .......... 37

**အပိုင်း 3 - မဲစင်တာ ပုံစံ၊ ကိရိယာနှင့် ဝန်ထမ်းခန့်ခြင်း** .......... 38

3-A. ဝန်ထမ်းခန့်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဘာသာစကားပေါင်းစုံ ဝန်ဆောင်မှုများ .......... 38

3-B. မဲစင်တာ အကူအညီ .......... 40

3-C. မဲစင်တာ ပုံစံ .......... 40

**အပိုင်း 4 - လုံခြုံရေးနှင့် အရေးပေါ်အစီအစဉ်** .......... 41

4-A. လုံခြုံရေးနည်းလမ်းများနှင့် စံနှုန်းများ .......... 41

4-B. မဲစင်တာ ထောက်ပံ့မှု .......... 42

4-C. ဆိုက်ဘာလုံခြုံရေး .......... 42

4-D. အရေးပေါ် အစီအစဉ် .......... 43

**အပိုင်း 5 - ရှေ့သို့ချီတက်ခြင်း** .......... 45

**နောက်ဆက်တွဲ** .......... 46

# နိဒါန်း

Los Angeles ကောင်တီသည် တစ်နိုင်ငံလုံးတွင် အကြီးဆုံးသော ဒေသတွင်း မဲပေးခြင်း စီရင်ပိုင်ခွင့်ရ ဒေသဖြစ်ပြီး မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ပေါင်း 5.7 သန်းကျော်တို့သည် စတုရန်းမိုင်ပေါင်း 4100 ကျော်တွင် နေထိုင်ကြသည်။ မှတ်ပုံတင်အရာရှိ-မှတ်တမ်းတင်သူ/ကောင်တီစာရေး (RR/CC) သည် ဒေသ၊ ပြည်နယ်နှင့် ဖက်ဒရယ် ရွေးကောက်ပွဲများကို စီမံခန့်ခွဲရန်နှင့် မဲဆန္ဒရှင်အားလုံး ကျွန်တော်တို့၏ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန် အသိပညာ၊ လက်လှမ်းမီနိုင်မှုနဲ့ အခွင့်အရေးတို့ကို ရယူဖို့ သေချာစေရေးအပေါ် တာဝန်ယူထား သည်။ RR/CC သည် ပြည်သူပိုင်နှင့် ပြည်သူပိုင် ပုံစံဆွဲထားသော မဲပေးပုံစံဖြစ်သည့် လူအားလုံးအတွက် မဲပေးနိုင်သော နည်းလမ်းများ (VSAP)မှတဆင့် မဲပေးခြင်းအတွေ့အကြုံများကို တိုးတက်မှုရှိစေရန် အစဉ်တစိုက် ဝီရိယစိုက်ထုတ်သည့်အပြင် မဲဆန္ဒရှင်တစ်ဦး မဲပေးရန်ပါဝင်ခြင်းကို တားဆီးနိုင်သော အတားအဆီးနှင့် ဖြစ်နိုင်ချေရှိသော အဟန့်အတားများကိုပါ ဖယ်ရှားပေးနေပါသည်။ VSAP ဖြေရှင်းချက်သည် ခေတ်မီ၊ လွယ်ကူအဆင်ပြေ၊ လုံခြုံသော မဲပေးခြင်းအတွေ့အကြုံမှတဆင့် ကောင်တီတွင် မဲဆန္ဒရှင်များအတွက် ကြီးမားသောအခွင့်အရေးများဖြင့် မဲပေးနိုင်မှုကို ရယူနိုင်ဖို့ သေချာစေရန် ရည်ရွယ်ထားသည်။ ၎င်းသည် သက်တောင့်သက်သာရှိစေရန်၊ အသုံးပြုရလွယ်ကူစေရန်၊ လုံခြုံမှုရှိစေရန်နှင့် California တစ်လျှောက်တွင် မဲပေးခြင်းရွေးချယ်စရာများကို တိုးချဲ့ရန်ကြိုးပမ်းမှုများနှင့် ကိုက်ညီမှုရှိစေရန် ပြုလုပ်ပေးထားပါသည်။

CALIFORNIA ပြည်နယ် (ပြည်နယ်) သည် မကြုံစဖူး ခြေလှမ်းများနှင့် မဲဆန္ဒရှင်တစ်ဦးအား ၎င်းတို့မည်သို့ မဲပေးနိုင်ပုံ၊ အချိန်နှင့် နေရာတို့ကို ပြန်လည် သတ်မှတ်ခြင်းအားဖြင့် မဲပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီလွယ်ကူစေရန် ခေတ်မီ မဲပေးခြင်းများကိုလည်း လုပ်ဆောင်ပေးထားပါသည်။ CALIFORNIA မဲဆန္ဒရှင်များ၏ရွေးချယ်မှု အက်ဥပဒေ (VCA)၊ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ 4005 ကို လက်ခံကျင့်သုံးမှုသည် မဲဆန္ဒရှင်များအား အလွယ်တကူဝင်ရောက် အသုံးပြုနိုင်ရေးကို တွန်းအားပေးမှုဖြစ်သည်။

**ဤစာရွက်စာတမ်းတွင် LA ကောင်တီ RR/CC ၏ အစီအစဉ်များဖြစ်သော အသေးစိတ် အချက်အလက်များ ပါရှိသည်။ ၎င်းတို့မှာ-**

1. မဲဆန္ဒရှင်များကို ၎င်းတို့၏ မဲပေးရေးအခွင့်အရေးနှင့် ရွေးချယ်ခွင့်များအကြောင်းကို **ပညာပေးခြင်း၊**
2. လူတန်းစားအားလုံးပါဝင်နိုင်သော မဲဆန္ဒရှင် ပါဝင်နိုင်ရေး၊ ဘာသာစကားနှင့် မသန်စွမ်းများ လက်လှမ်းမီရယူနိုင်ရေး လိုအပ်ချက်များဖြစ်ကြသော မဲဆန္ဒရှင်များအားလုံးပါဝင်နိုင်ရေးတို့ကို **မြှင့်တင်ခြင်း၊**
3. မဲစင်တာအခင်းအကျင်း၊ မဲပေးကိရိယာနှင့် ဝန်ထမ်းများခန့်အပ်ခြင်းအစီအစဉ်များ အပါအဝင် မဲစင်တာများနှင့် မဲပေးလွှာထည့်ပုံး တည်နေရာများကို **တည်နေရာသတ်မှတ်ခြင်း၊ နေရာချထားခြင်းနှင့် ထိန်းသိမ်းခြင်း၊**
4. လုံခြုံရေးနှင့် အရေးပေါ် တုံ့ပြန်နိုင်ရေးအစီအစဉ်များကို **အကောင်အထည်ဖော်ခြင်း**နှင့်
5. **နောက်ထပ်ခြေလှမ်းများ စသည်တို့ဖြစ်ကြသည်။**

## မဲဆန္ဒရှင်၏ ရွေးချယ်မှု အက်ဥပဒေ

VCA သည် ပိုမိုကြီးမားသော လိုက်လျောညီထွေပြောင်းလဲနိုင်မှုနှင့် အဆင်ပြေမှုကို ဖြစ်နိုင်စေခြင်းဖြင့် မဲဆန္ဒရှင်များအားအတွက် တိုးချဲ့ထားသော မဲပေးခြင်း ရွေးချယ်စရာများကို ကမ်းလှမ်းရန် ကောင်တီများအတွက် အခြေခံမူဘောင်တစ်ခုဖြင့် ထောက်ပံ့ပေးကြသည်။ VCA ၏ အဓိက အကြောင်းအချက်များ အောက်ပါအချက်တွင် ပါရှိသည်။ ၎င်းတို့မှာ -

- ရွေးကောက်ပွဲနေ့မတိုင်မီ 29 ရက်အလိုမှစတင်၍ လုံခြုံပြီး အဆင်ပြေသော မဲပေးလွှာထည့်ပုံးများနှင့် မဲထည့်ရန်နေရာများရရှိနိုင်ရေး စာတိုက်မှမဲပေးခြင်းဝန်ဆောင်မှုများ အပါအဝင်ဖြစ်သည် (အပိုင်း 2 - B ကို ကြည့်ပါ)။
- လိုက်လျောညီထွေပြောင်းလဲနိုင်မှုရှိသော လူကိုယ်တိုင် မဲပေးခြင်းရွေးချယ်မှုများက မဲဆန္ဒရှင်များကို 11 ရက် အကြာကာလတစ်ခုတွင် ၎င်းတို့ နေထိုင်ရာ ကောင်တီအတွင်းရှိ မည်သည့် မဲစင်တာတွင်မဆို ၎င်းတို့၏ မဲကို ပေးနိုင်ရန် ခွင့်ပြုထားသည်။
- မဲစင်တာများတွင် မဲဆန္ဒရှင်ဝန်ဆောင်မှုများနှင့် အထောက်အပံ့များကို အားဖြည့်ပေးရန် နေ့ချင်းပြီး မှတ်ပုံတင်ခြင်းအဖြစ် လူသိများသော အခြေအနေအရ မဲဆန္ဒရှင် မှတ်ပုံတင်ခြင်းတို့ ပါဝင်ကြသည်။

VCA ၏ အောင်မြင်သော ဆောင်ရွက်မှုသည် ကောင်တီများအား လက်ရှိအခြေအနေနှင့် လုပ်ငန်းစဉ်များအား ဂရုတစိုက် စစ်ဆေးရန် လိုအပ်သည့်အပြင် မဲပေးခြင်းနည်းပညာ၊ ရသုံးငွေ တွက်ချက်နိုင်စွမ်း၊ မဲပေးခြင်း တည်နေရာများ၊ လူဦးရေအုပ်စုနှင့် လူမှုအသိုင်းအဝိုင်း ပါဝင်ပတ်သက်မှုအစရှိသည်များ ပါဝင်ကြသည်။

## LOS ANGELES ကောင်တီတွင် VCA အကောင်အထည်ဖော်မှု

Los Angeles ကောင်တီတွင် VCA ကို အကောင်အထည်ဖော်ရန် RR/CC သည် ၎င်း၏ လက်ရှိ ပြောင်းလဲမှုဆိုင်ရာ VSAP မူဝါဒများအပေါ် အခြေခံသော အခြေခံအဆောက်အအုံ တစ်ခုကို တည်ထောင်ခဲ့ပြီး ၎င်းမူဝါဒသည် မဲဆန္ဒရှင်များ၏ လိုအပ်ချက်များအပေါ်တွင် အာရုံစိုက်ပြီး စက်မှုကျွမ်းကျင်သူများ၏ အကြံပေး ကော်မတီများ မှတဆင့် ဒီဇိုင်းပုံစံ၊ အလွယ်တကူလက်လှမ်းမီ ရယူနိုင်မှု၊ လုံခြုံရေး၊ နည်းပညာ၊ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု၊ ပညာရေးနယ်ပယ်နှင့် အများပြည်သူမှ သက်ဆိုင်သူများ၊ အသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများ (CBOs)နှင့် ပြည်သူ့အသင်းဝင်များတို့မှ တင်ပြထားသော ထင်မြင်ယူဆချက်များဖြင့် မျှတသော အတည်ပြုချက်တို့ကို ရယူခဲ့သည်။ သက်ဆိုင်သူများပါဝင်မှု၊ စစ်တမ်းများ၊ အာရုံစိုက်သော အုပ်စုများ၊ နည်းပညာဆိုင်ရာ ဆန်းစစ်မှုနှင့် အသုံးပြုသူ စမ်းသပ်မှုများ၏ ပေါင်းစပ်မှုတစ်ခုကို အသုံးပြုခြင်းဖြင့် RR/CC သည် စံနမူနာအဖြစ်ပြုကာ ပြည်နယ်နှင့် ဒေသခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော မဲဆန္ဒရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းကာ အမျိုးသား မဲပေးစနစ် လုံခြုံရေး စံနှုန်းများနှင့် ကိုက်ညီမှုရှိသည့်အပြင် မဲဆန္ဒရှင်၏ အပြုအမူ၊ စည်းမျဉ်းနှင့် နည်းပညာတို့ဖြင့် အလွယ်တကူပြောင်းလဲနိုင်ရန် လိုက်လျောညီထွေမှုများ ပြုခဲ့ကြသည်။ 2020 ခုနှစ်၊ မတ်လ 3 ရက် သမ္မတ ရွေးကောက်ပွဲတွင် ကောင်တီသည် VSAP ဖြေရှင်းနည်းကို အကောင်အထည် ဖော်ခဲ့သည်။ ၎င်းတွင် မဲဆန္ဒရှင်များအား အတွေ့အကြုံတစ်ခုကို မိတ်ဆက်ပေးခဲ့သည်။ ၎င်းတို့မှာ အပြည့်အဝ

အသုံးပြုနိုင်သည့် လုံခြုံသော မဲအမှတ်အသားပြု ကိရိယာ၊ အီလက်ထရွန်နစ် မဲဆန္ဒရှင်စာရင်းနှင့် မဲပေးရေး လမ်းညွှန် (ePollbook)၊ အပြန်အလှန်အကျိုးပြုသော နမူနာ မဲပေးလွှာတစ်ခု၊ အဝေးမှ အသုံးပြုနိုင်သော စာတိုက်မှမဲပေးခြင်း၊ ခေတ်မီ ရေတွက်စနစ်၊ 11 ရက်အကြာ လူကိုယ်တိုင် မဲပေးကာလ၊ မဲစင်တာများနှင့် မိုဘိုင်း/ဖလက်စ် မဲစင်တာအစီအစဉ်စသည်တို့ ဖြစ်ကြပါသည်။ VCA နှင့် VSAP တို့၏ ဤကနဦး အကောင် အထည်ဖော်မှုတွင် မဲဆန္ဒရှင်ပေါင်း 1.14 သန်းကျော်သည် ၎င်းတို့၏ စာတိုက်မှ မဲပေးခြင်းကို အသုံးပြု၍ မဲပေးခဲ့ပြီး၊ နောက်ထပ် မဲဆန္ဒရှင်ပေါင်း 1 သန်းသည် မဲစင်တာတစ်ခုတွင် မဲပေးခဲ့သည်။ အဆိုပါ အရေအတွက် သည် 2018 ခုနှစ်၊ ဇွန်လတွင် ယခင်က ကောင်တီတစ်ဝန်း အကြိုရွေးကောက်ပွဲနှင့်နှိုင်းယှဉ်လျှင် စာတိုက်မှ မဲပေးခြင်း နှုန်းထားများသည် ခန့်မှန်းခြေ 75 % တိုးမြင့်လာမှုကို ကိုယ်စားပြုပြီး စုစုပေါင်း မဲပေးနှုန်း၏ 42 % လည်းဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် မဲဆန္ဒရှင်ပေါင်း 665,000 သည် ၎င်းတို့၏ စာတိုက်မှမဲပေးခြင်း မဲပေးလွှာကို အသုံးပြုခဲ့သည်။ RR/CC မှ ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုတွင် 70 % ဖြစ်သော မဲဆန္ဒရှင်တို့သည် ယေဘူယျအားဖြင့် ကြားနေ သို့မဟုတ် အပြုသဘောဆောင်သော အတွေ့အကြုံတစ်ခုရှိခဲ့သည်ဟု အစီရင်ခံခဲ့ကြသည်။

2020 ခုနှစ်၊ မတ်လ 3 ရက် သမ္မတအကြို ရွေးကောက်ပွဲပြီးနောက် ကောင်တီကြီးကြပ်ရေးမှူး ဘုတ်အဖွဲ့ (ဘုတ်အဖွဲ့)က ရွေးကောက်ပွဲ ဥပဒေ 4005 နှင့် 4007 (c) တွင် ဖော်ပြထားသော VCA ၏ ပြဋ္ဌာန်းချက်များကို လက်ခံကျင့်သုံးရန် RR/CC အား ချက်ချင်းညွှန်ကြားခဲ့ပြီး၊ မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များအားလုံးကို စာတိုက်မှ မဲပေးရန် ကောင်တီမှ တောင်းဆိုထားသည်။ ဤသို့ ဦးစွာ လက်ခံကျင့်သုံးခြင်းသည် COVID-19 ကပ်ရောဂါ ကူးစက်ပျံ့ပွားမှု၏အစပိုင်းနေ့ရက်များတွင် မဲဆန္ဒရှင်တို့အား ၎င်းတို့၏ ကျန်းမာရေး သို့မဟုတ် ၎င်းတို့၏ လူထုအသိုင်းအဝိုင်း ကျန်းမာရေးကို အန္တရာယ်မရှိစေဘဲ အိမ်မှလုံခြုံစွာ မဲပေးနိုင်ရန် အခွင့်အရေးတစ်ခုကို ထောက်ပံ့ပေးခဲ့သည်။ ၎င်းသည် 2020 ခုနှစ်၊ မတ်လ 3 ရက်၊ သမ္မတ အကြို ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် 2020 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်၊ အထွေထွေ ရွေးကောက်ပွဲတွင် စာတိုက်မှမဲပေးခြင်းမဲပေးလွှာဖြင့်ပေးပို့သည့် ပမာဏသည် 2.5 သန်းခန့် တိုးမြင့်ခဲ့သည်။ ဤရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပေါင်း 3.4 သန်းကျော်သည် ၎င်းတို့၏ စာတိုက်မှမဲပေးခြင်းမဲပေးလွှာကို အသုံးပြု၍ မဲပေးခဲ့ပြီး၊ မဲဆန္ဒရှင်ပေါင်း 913,000 ခန့် သည် လူကိုယ်တိုင် မဲပေးခဲ့သည်။ ၎င်းသည် 4.3 သန်း မဲပေးခဲ့သော သမိုင်းဝင် မှတ်တမ်းတင်ခဲ့သည့်အပြင် 2018 ခုနှစ်၊ နိုဝင်ဘာလ ယခင် ကောင်တီတစ်ဝန်း အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် မဲပေးမှု ရာခိုင်နှုန်း 58 % မှ 76 % အထိ တိုးမြင့်မှုတစ်ခုဖြစ်ခဲ့သည်။ RR/CC မှ ပြုလုပ်သော စစ်တမ်းတစ်ခုတွင် မဲဆန္ဒရှင်တို့၏ အတွေ့အကြုံနှင့် ကျေနပ်မှုအတိုင်းအတာတိုးမြင့်မှု တစ်ခုကိုလည်း တွေ့ရှိခဲ့ပြီး၊ တုံ့ပြန်သူများ၏ 94 % သည် ယေဘုယျ ကြားနေ သို့မဟုတ် အပြုသဘောဆောင်သော မဲပေး အတွေ့အကြုံ တစ်ခုရှိခဲ့သည်ဟု အစီရင်ခံခဲ့ကြသည်။

2020 ခုနှစ်၊ ဇန်နဝါရီလနှင့် 2025 ခုနှစ်၊ ဩဂုတ်လအကြား RR/CC သည် ကောင်တီတစ်ဝန်း အကြိုရွေးကောက်ပွဲ သုံးခုဖြစ်သော (မတ်လ 2020၊ ဇွန်လ 2022၊ မတ်လ 2024) နှင့် ကောင်တီတစ်ဝန်း အထွေထွေရွေးကောက်ပွဲ သုံးခုဖြစ်သော (နိုဝင်ဘာလ 2020၊ နိုဝင်ဘာလ 2022၊ နိုဝင်ဘာလ 2024)တို့ အပါအဝင် VCA ပုံစံအောက်တွင်

ရွေးကောက်ပွဲများကို စီမံခန့်ခွဲခဲ့သည်။ ထို့အပြင် ဤတူညီသောကာလအတွင်း RR/CC သည် အထူး၊ မြူနီစီပယ်နှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများ 25 ခုကို ကျင်းပခဲ့ပြီး ပြည်နယ်တစ်ဝန်း အထူးရွေးကောက်ပွဲ (စက်တင်ဘာလ 2021)လည်း အပါအဝင် ဖြစ်ကြသည်။

## အပိုင်း 1 - မဲဆန္ဒရှင် ဝန်ဆောင်မှုများ၊ ကွင်းဆင်းခြင်းနှင့် ပညာရေး

RR/CC သည် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များနှင့် အရည်အချင်းပြည့်မီပြီး မှတ်ပုံတင်မထားသော မဲဆန္ဒရှင်များအကြား ၎င်းတို့၏ မဲပေးခြင်းအခွင့်အရေး၊ မဲပေးရွေးချယ်မှုများ၊ VCA၊ VSAP မဲပေးခြင်း အတွေ့အကြုံနှင့် မဲပေးအရင်းအမြစ်များကို မည်သို့မည်ပုံ အသုံးပြုနိုင်ကြောင်းနှင့်ပတ်သက်၍ မဟာဗျူဟာနည်းများစွာဖြင့် အများပြည်သူအား ပညာရေးနှင့် ကွင်းဆင်းခြင်းလှုပ်ရှားမှုများကို မြှင့်တင်ရန် ပညာပေးခြင်းနှင့် သတိပြုမှုများ ရှိစေရန် ဆက်လက်လုပ်ဆောင်လိမ့်မည်။ VSAP နှင့် VCA ကို အကောင်အထည်ဖော်၊ လက်ခံအတည်ပြုပြီး ကတည်းမှစ၍ RR/CC သည် ကောင်တီတစ်လျှောက် သန်းချီရှိသော မဲဆန္ဒရှင်များပါဝင်စေနိုင်သည့် ဘာသာစကားပေါင်းစုံနှင့် ယဉ်ကျေးမှုပေါင်းစုံ မဲဆန္ဒရှင် ပညာရေးလှုပ်ရှားမှုများကို ကြီးမားသော အတိုင်းအတာဖြင့် အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါ လှုပ်ရှားမှုများသည် မဲဆန္ဒရှင်များအား အရေးပါသော သတင်းများကို ဘာသာစကား တစ်ဒါဇင်ထက်မနည်း ပံ့ပိုးမှုများပေးခဲ့ကာ နည်းနာနိသယများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုခဲ့ပြီး RR/CC ဝက်ဘ်ဆိုက်နှင့် ဖုန်းခေါ်ဆိုမှု အခမဲ့ ဟော့လိုင်းပေါ်တွင် လူသိရှင်ကြားရရှိနိုင်သော သတင်းအချက်အလက်များနှင့် အရင်းအမြစ်များကို မဲဆန္ဒရှင်များအား ညွှန်ကြားပေးခဲ့သည်။ RR/CC သည် ဈေးကွက်တွင် ရရှိနိုင်သော  အကောင်းဆုံး လက်တွေ့ကျင့်ထုံးများ၊ ချဉ်းကပ်မှုများနှင့် ဆက်သွယ်ရေး ပလက်ဖောင်းများကို အသုံးပြု၍ လှုပ်ရှားမှုများအား ဖွံ့ဖြိုးတိုးတက်ရန်နှင့် အကောင်အထည်ဖော်ရန် ဆက်လက် လုပ်ဆောင်သွားလိမ့်မည်။

ထို့အပြင် RR/CC သည် ဒေသတွင်းနှင့် ဘာသာစကားမျိုးစုံဖြင့် ထုတ်လွှင့်သည့် သတင်းမီဒီယာများနှင့် ၎င်း၏ ပတ်သက်မှုတို့ဖြင့် ပူးပေါင်းကာ တီဗွီ၊ ရေဒီယို၊ ပုံနှိပ်နှင့် ဒစ်ဂျစ်တယ်မီဒီယာများအပါအဝင် သတင်းအချက်အလက်ဖော်ပြမှုကို မီဒီယာများမှ အခမဲ့ရရှိနိုင်မည့်အခွင့်အလမ်းများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။  အဆိုပါ အခွင့်အရေးများတွင် အင်တာဗျူးများ ပြုလုပ်ခြင်း၊ မီဒီယာ နှီးနှောဆွေးနွေးပွဲများ၊ သတင်းစာ အစီရင်ခံချက်များ၊ မဲပေးခြင်းနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအကြောင်း လေ့လာရန် အမျိုးစားစုံလင်သော လူထုနှင့်တိုက်ရိုက်သက်ဆိုင်သည့် မဲလုပ်ငန်းဆောင်တာများအစရှိသည်တို့ကို မီဒီယာအား ဖိတ်ကြားချက်များ ပါဝင်ကြသည်။ ဤဒေသတွင်းမီဒီယာနှင့်ပူးပေါင်းပါဝင်ခြင်းဖြင့် ၎င်းတို့သည် လာမည့် ရွေးကောက်ပွဲ ဖြစ်ရပ်များ၊ အရေးကြီးသော နောက်ဆုံးရက်စွဲများ၊ မဲဆန္ဒရှင်မှတ်ပုံတင် အခွင့်အရေးများနှင့် မဲပေးရွေးချယ်မှုများအပေါ် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များနှင့်အတူ ပြည်သူလူထုကို ထောက်ပံ့ပေးလိမ့်မည်။

ဆက်လက်၍ RR/CC သည် ရပ်ရွာအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများ၊ ကောင်တီရှိ သက်ဆိုင်သူများ၊ ထောက်ခံအားပေးရေး ကော်မတီများ၊ မြူနီစီပယ်အဖွဲ့များ၊ အထက်တန်းကျောင်းများ၊ ကော်မြူနတီ

ကောလိပ်များနှင့် တက္ကသိုလ်များအပါအဝင် ရေရှည်လက်တွဲထားသောတွဲဖက်များနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားလိမ့်မည်။ ဤပူးပေါင်းဆောင်ရွက်မှုများမှတဆင့် RR/CC သည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုပေါင်းစုံ အသိုင်းအဝိုင်းကြီးကို ဘာသာစကားအမျိုးမျိုးနှင့် အသုံးပြုနိုင်သောပုံစံများဖြင့် ကွင်းဆင်းရေးပစ္စည်းများ ပေးအပ်ထားပြီး သတိထားမှုများကို မြှင့်တင်ရန်၊ မဲစောစောပေးသည့် အခွင့်အရေးများကို မည်သို့ရယူနိုင်ရန်၊ အများပြည်သူပါဝင်မှုကို တိုးမြှင့်ရန်နှင့် မဲဆန္ဒရှင်ပါဝင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပြီးပညာပေးသွားမည်ဖြစ်သည်။ ဤချဉ်းကပ်မှုမှတဆင့် RR/CC သည် ယုံကြည်မှုကို တည်ဆောက်ကာ ဘာသာစကားနှင့် လက်လှမ်းမီရနိုင်သော အတားအဆီးများကို လျှော့ချပြီး၊ မဲဆန္ဒရှင်အားလုံးအတွက် ရွေးကောက်ပွဲ သတင်းအချက်အလက်များကို တန်းတူညီမျှ အသုံးပြုခွင့်ရရှိနိုင်မှုကို သေချာစေသည်။

## 1-A. အသိုင်းအဝိုင်း ပါဝင်မှု

ပြည်သူလူထုဆီသို့ ထိရောက်စွာ ရောက်ရှိနိုင်ရန်နှင့် လူများမဲပေးနိုင်သည့် အချိန်၊ နေရာနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ထောက်ပံ့ရန် RR/CC သည် ကောင်တီအတွင်း တွဲဖက် အေဂျင်စီများ၊ အခြား အစိုးရ အေဂျင်စီများ၊ မြို့တော် စာရေးများနှင့် ရပ်ရွာအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများ (CBOs) တို့နှင့်အတူ ဆက်လက် လုပ်ဆောင်လိမ့်မည်။ RR/CC သည် လူထု နှီးနှောပွဲများနှင့် ပွဲအစီအစဉ်များကို စီမံဆောင်ရွက်လိမ့်မည့်အပြင် လူမှုမီဒီယာနှင့် လူမျိုးနွယ်စု မီဒီယာလိုင်းများကို အသုံးချပြီး ကိုယ်စားပြုမှု မလုံလောက်သော လက်လှမ်းမီရောက်ရှိရန်ခက်ခဲသော ရပ်ရွာအသိုင်းအဝိုင်းဆီသို့ အများပြည်သူအား တစ်သမတ်တည်းသော သတင်းတစ်ခုကို ထောက်ပံ့ပေးနေကြောင်း သေချာစေရန် လေ့ကျင့်ရေးနှင့် ပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ဤလုပ်ရှားမှုများကို ထောက်ပံ့ရန် RR/CC သည် သီးခြားသက်ဆိုင်သူများ၏ ကော်မတီများနှင့်အတူ ပုံမှန် အစည်းအဝေးများကို ကျင်းပကြသည်။ ၎င်းအကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်-

- **ရပ်ရွာအသိုင်းအဝိုင်း မဲဆန္ဒရှင် ကွင်းဆင်းရေး ကော်မတီ (CVOC)။** CVOC သည် CALIFORNIA ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ 4005 (a)(9)(D) အသစ်ကျင့်သုံးထားသောလိုက်အပ်ချက်များနှင့်အညီ မဲဆန္ဒရှင်ပညာရေးနှင့် ကွင်းဆင်းရေး ကွန်ယက်အဖြစ် တာဝန်ထမ်းဆောင်ပါသည်။ RR/CC သည် CVOC အစည်းအဝေးကို အွန်လိုင်းမှတဆင့် အနည်းဆုံး တစ်နှစ် နှစ်ကြိမ်နီးပါး ကျင်းပပြီး၊ စုံဂဏန်းနှစ်များတွင် လူကိုယ်တိုင် အစည်းအဝေးများကို ထပ်မံ၍ လိုအပ်သလို ကျင်းပကြသည်။
- **ဘာသာစကား အသုံးပြုခွင့် အကြံပေး ကော်မတီ (LAAC)။** LAAC သည် CALIFORNIA ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ 4005 (a)(9)(D)မှ တောင်းဆိုထားသည့်အတိုင်း ဘာသာစကား အသုံးပြုခွင့် အကြံပေး ကော်မတီအဖြစ် တာဝန်ထမ်းဆောင်ပါသည်။ RR/CC သည် LAAC အစည်းအဝေးကို အွန်လိုင်းမှတဆင့် အနည်းဆုံး တစ်နှစ် သုံးကြိမ်နီးပါး ကျင်းပပြီး၊ စီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပွဲအစီအစဉ်များအတွက် ကော်မတီခွဲ အစည်းအဝေးများကို ထပ်မံ၍ လိုအပ်သလို ကျင်းပကြသည်။
- **မဲပေးခွင့် လွယ်ကူရေး အကြံပေး ကော်မတီ (VAAC)။** VAAC သည် CALIFORNIA ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ 4005 (a)(9)(D)မှ တောင်းဆိုထားသည့်အတိုင်း မဲပေးခွင့် လွယ်ကူရေး အကြံပေးကော်မတီ အဖြစ်

တာဝန်ထမ်းဆောင်ပါသည်။ RR/CC သည် VAAC အစည်းအဝေးကို အွန်လိုင်းမှတဆင့် အနည်းဆုံး တစ်နှစ် သုံးကြိမ်နီးပါး ကျင်းပပြီး၊ စီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပွဲအစီအစဉ်များအတွက် ကော်မတီခွဲ အစည်းအဝေးများကို ထပ်မံ၍ လိုအပ်သလို ကျင်းပကြသည်။

## i. အသိုင်းအဝိုင်း မဲဆန္ဒရှင် ကွင်းဆင်းရေး ကော်မတီ (CVOC)

1990 ခုနှစ်ကတည်းမှစတင်၍ RR/CC သည် သက်ဆိုင်သူများအတွက် အခွင့်အရေးတစ်ခု ကမ်းလှမ်းရန် CVOC ၏ ပုံမှန် အစည်းအဝေးများကို ခေါ်ယူကျင်းပခဲ့ကြသည်။ ဤပါဝင်သူတို့တွင် မြို့တော်အစိုးရများ၊ ဘာသာစကား သို့မဟုတ် မသန်စွမ်း မဲဆန္ဒရှင်များ အသုံးပြုနိုင်မှုလိုအပ်ချက်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများပါဝင်သည့်အပြင် ပါတီဘက်လိုက်သောအုပ်စုများနှင့် စည်းရုံးလှုံ့ဆော်ရေး ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့် ပညာရေးဆိုင်ရာ အုပ်စုများ၊ အရပ်ဘက်အခွင့်အရေးများဆိုင်ရာ အုပ်စုများအစရှိသောအုပ်စုများကို RR/CC ဝန်ထမ်းများနှင့် အပြန်အလှန် ချိတ်ဆက်များပြုလုပ်ကာ တွေ့ဆုံကြသည်။ အဆိုပါ အစည်းအဝေးများသည် ရွေးကောက်ပွဲ ပြက္ခဒိန်များ၊ RR/CC အစီအစဉ်များနှင့် ရည်မှန်းချက်ပန်းတိုင်များကို ဆွေးနွေးရန် နီးနှောဆွေးနွေးပွဲ တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်သူများကို မေးခွန်းများမေးရန် အခွင့်အရေး တစ်ခုနှင့်အတူ ထောက်ပံ့ပေးသည့်အပြင် တုံ့ပြန်မှုများပေးရန်နှင့် မဲဆန္ဒရှင် ပညာရေးနှင့်ပါဝင်မှုကို ထောက်ပံ့ရန် ကွင်းဆင်းရေးနည်းဗျူဟာများဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။ 2020 ခုနှစ်ကတည်းမှစတင်၍ ဤအစည်းအဝေးများသည် အများအားဖြင့် အွန်လိုင်းအစည်းအဝေးများဖြစ်လာခဲ့ပြီး လက်လှမ်းမီနိုင်မှုနှင့် ပါဝင်နိုင်မှုတို့ကို တိုးချဲ့နိုင်ခဲ့သည့်အပြင် အစည်းအဝေးတစ်ခုတွင် ပျမ်းမျှ တက်ရောက်သူ အယောက်ပေါင်း 50 မှ 100 အထိ ဆွဲဆောင်နိုင်ခဲ့ကြသည်။

## ii. ဘာသာစကား အသုံးပြုခွင့် အကြံပေး ကော်မတီ (LAAC)

RR/CC သည် ဖက်ဒရယ်နှင့် ပြည်နယ် ဥပဒေ လိုအပ်ချက်များအရ (LEP)အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အကန့်အသတ်ရှိသော မဲဆန္ဒရှင်များကို ဘာသာစကား အကူအညီထောက်ပံ့မှု ပေးကြသည်။ Los Angeles ကောင်တီ၏ လူဦးရေကို ထောက်ထားခြင်းအားဖြင့် RR/CC သည် နိုင်ငံတွင်းရှိ အခြား မည်သည့် တရားစီရင် ပိုင်ခွင့်ရဒေသထက်မဆို ဘာသာစကားအမျိုးပေါင်း  18 မျိုးဖြင့် ပံ့ပိုးပေးထားသည်။ ဘာသာစကားဖြင့် မဲဆန္ဒရှင်များအား ပညာပေးခြင်းနှင့် ကွင်းဆင်းခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မဲပေးပစ္စည်းများကို တိကျမှန်ကန်စွာ ဘာသာပြန်ပေးထားခြင်းအပြင် ဘာသာပြန်သူများနှင့် ဘာသာစကားနှစ်မျိုးတတ်သော ရွေးကောက်ပွဲလုပ်သားများကို စုဆောင်းလေ့ကျင့်ပေးခြင်းနှင့် LEP မဲဆန္ဒရှင်များအား လွတ်လပ်စွာ အဓိပ္ပာယ်ရှိစွာ မဲပေးနိုင်မှုရရှိနိုင်ရန်နှင့် အခြားကိစ္စရပ်များကိုပါ ဖြေရှင်းနိုင်ရန် RR/CC သည် ဘာသာစကား အသုံးပြုခွင့် အကြံပေးကော်မတီ၏ အစည်းအဝေးများကို ပုံမှန်ကျင်းပကြပြီး၊ ၎င်းသည် 2017 ခုနှစ်မှစတင်၍ တည်ရှိနေဆဲဖြစ်သော ကော်မတီဖြစ်သည်။

LAAC သည် လာမည့်ရွေးကောက်ပွဲနှင့် ၎င်းတို့၏ မဲပေးရွေးချယ်မှုများနှင့် ပတ်သက်၍ Los Angeles ကောင်တီ၏ LEP အသိုင်းအဝိုင်းကို ပညာပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်သည်။ LAAC

အဖွဲ့ဝင်များသည် ရပ်ရွာအသိုင်းအဝိုင်း ပွဲအစီအစဉ်များကို ကျင်းပခြင်းနှင့် ဘာသာပြန်ထားသော အချက်အလက်များကို ဖြန့်ဝေခြင်းဖြင့် အကူအညီပေးကြသည်။ LAAC အစည်းအဝေးများသည် ကွင်းဆင်းခြင်း အခွင့်အရေးများ၊ မဲစင်တာနေရာနှင့် ဘာသာစကားပေါင်းစုံဖြင့် ရွေးကောက်ပွဲ လုပ်သား စုဆောင်းရေး လိုအပ်ချက်များကဲ့သို့ အကြောင်းအရာများကို ပြောဆိုရန် နှီးနှောဖလှယ်ပွဲတစ်ခုကို ထောက်ပံ့ပေးသည်။

LAAC ပေါ် ရှိ နောက်ထပ်အချက်အလက်များကို **LAVOTE.GOV** တွင် ရှာဖွေတွေ့ရှိနိုင်သည်။

ဥပမာအားဖြင့် RR/CC သည် အိမ်ရှင်အဖြစ်၊ ပူးတွဲအိမ်ရှင်အဖြစ်၊ သို့မဟုတ် LAAC အဖွဲ့ဝင်များနှင့်အတူ ထောက်ပံ့ပေးခဲ့သည့် မကြာသေးမီက ပွဲအစီအစဉ်များနှင့်စီမံကိန်းများဖြစ်မှာ အောက်ပါအတိုင်းဖြစ်သည်-

- **2025 ခုနှစ်၊ ဩဂုတ်လ 6 ရက်နေ့တွင် "ကျွန်တော်တို့သည် သင်တို့၏ဘာသာစကားကို ပြောပါသည်ဟုဆိုသော နှစ် 50 ပြည့် ဘာသာစကား အသုံးပြုခွင့်နှင့် အခွင့်အာဏာပေးခြင်း"** ဆိုသည့် အစီအစဉ်ဖြင့် RR/CC သည် မဲပေးခွင့် အက်ဥပဒေ၏ ပုဒ်မ 203 ၏ အနှစ် 50 မြောက် နှစ်ပတ်လည် အခန်းအနားကို ကျင်းပခဲ့ပြီး ဘာသာစကားရယူသုံးစွဲနိုင်ခြင်းမှတဆင့် Los Angeles ကောင်တီ၏ မဲပေးပိုင်ခွင့်များ တိုးချဲ့လာနိုင်ခဲ့သောရလဒ်များ ပေါ်ပေါက်လာသည့်အပြင် မြို့တော် 88 ခုမှ မြို့တော်စာရေးများကို လေ့ကျင့်ဖော်ထုတ်ပေးပြီး ဘာသာစကားပေါင်းစုံ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးရန်အတွက် တစ်နေကုန် ကျင်းပသော ပွဲအစီအစဉ်တွင် လိုအပ်ချက်များ၊ နည်းလမ်းများ အစရှိသော ကိရိယာများဖြင့် လေ့ကျင့်ထိတွေ့ကြစေခဲ့သည်။ RR/CC သည် 7 မိနစ်အကြာ ဗွီဒီယို တစ်ခုကို ထုတ်လုပ်ခဲ့ပြီး၊ ၎င်းတွင် ကောင်တီနှင့် နိုင်ငံလုံးဆိုင်ရာ ဘာသာစကား အသုံးပြုမှု ဖန်တီးခြင်းကို တွန်းအားပေးသည့်နေရာတွင် အရေးပါအရာရောက်ကြောင်း အသိုင်းအဝိုင်း ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခန်းများ ပါရှိသည်။ ကြီးကြပ်ရေးမှူး Hilda Solis (ဟီလ်ဒါ ဆိုလစ်) ၏ ရုံးခန်းနှင့်အတူ အလုပ်လုပ်နေသော RR/CC သည် ဘာသာစကား အသုံးပြုမှု တိုးချဲ့ရန် ၎င်းတို့၏ ဆက်လက်ပြီး တာဝန်ယူဇောက်ချမှုအတွက်  LAAC အဖွဲ့အစည်း၏ အဖွဲ့ဝင် ခြောက်(6)ဦးကို ဂုဏ်ပြုခဲ့သည်။




ပုံ 1- မြို့တော် 88 ခုမှ မြို့တော်စာရေးများသည် မဲပေးခွင့်အက်ဥပဒေ၏ ပုဒ်မ  203 ၏
အနှစ် 50 ပြည့်  အထိမ်းအမှတ်ကို ကျင်းပကြသည်။

- **2025 ခုနှစ် ဩဂုတ်လ 7 ရက်၊ CAUSE အစမ်း ရွေးကောက်ပွဲ -** Center for Asian Americans United for Self Empowerment (CAUSE) သည် ပြည်နယ်လွှတ်တော်ခရိုင်တစ်ခုကို ကိုယ်စားပြုရန် ယှဉ်ပြိုင်နေသော ကျောင်းသားများအတွက် အစမ်းရွေးကောက်ပွဲ တစ်ခုပါဝင်သော နွေရာသီ စုံညီပွဲတစ်ခုကို ကျင်းပခဲ့သည်။ Los Angeles ကောင်တီ မှတ်ပုံတင်အရာရှိ-မှတ်တမ်းယူသူ/ကောင်တီစာရေး Dean Logan (ဒင်းလိုဂန်) သည် အစမ်းမဲပေးခြင်းပွဲအစီအစဉ် အဖွင့်နှင့်အပိတ်အား ဦးစီးခဲ့ပြီး ပါဝင်တက်ရောက်သူပေါင်း အယောက် 100 ကျော်ကို ဆွဲဆောင်ခဲ့သည်။

- **2023-2025 ခုနှစ်တွင် LAAC ဆပ်ကော်မတီ စီမံကိန်းများတွင်** ဘာသာစကား ပေါင်းစုံပါဝင်သော ပစ္စည်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို ဘာသာစကားပေါင်းစုံပြောဆိုသော အသိုင်းအဝိုင်းသို့ မျှဝေခြင်း၊ ကွင်းဆင်းရေး ပွဲအစီအစဉ်များကို မြှင့်တင်ခြင်း၊ ဘာသာစကားပေါင်းစုံပြောဆိုသော ရွေးကောက်ပွဲ လုပ်သားများ စုဆောင်းခြင်းအပြင် LAAC နှင့်အတူ ပူးပေါင်းရန် ပူးပေါင်းဆောင်ရွက်သူများနှင့် အဖွဲ့အစည်းများကို စုဆောင်းခြင်းတို့ ပါဝင်သည်။

ဘာသာစကား အသုံးပြုခွင့် အကြံပေးကော်မတီတွင် ပါဝင်သော အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

- Asian Americans Advancing Justice Southern California
- American Civil Liberties Union
- AAPI Equity Alliance
- CA Common Cause
- Cambodian Association of America
- Central American Resource Center
- Center for Asian Americans United for Self-Empowerment
- Centro CHA
- Coalition for Humane Immigrant Rights
- City of Bellflower
- City of Los Angeles
- City Clerk of Pasadena
- City Clerk of Sierra Madre
- City Clerk of Glendale
- City of West Hollywood
- CSUN Dean, College of Humanities
- Farsi Vote
- Filipino American Service Group
- Pilipino Workers Center of Southern California
- Khmer Girls in Action
- Korean American Coalition
- Korean Resource Center
- Long Beach Forward
- League of Women Voters Los Angeles
- Midtown Property & Business Owners Association
- Mend Poverty
- Mexican American Legal Defense and Educational Fund
- Mexican American Opportunity Foundation
- National Association of Latino Elected and Appointed Officials (NALEO) Educational Fund
- National Iranian American Council
- Nikkei Progressives
- Pars Equality Center
- Search to Involve Pilipino Americans
- South Asian Network
- Thai Community Development Center
- Vision Y Compromiso

## iii. မဲပေးခွင့်လွယ်ကူရေး အကြံပေး ကော်မတီ (VAAC)

RR/CC သည် ဖက်ဒရယ်နှင့် ပြည်နယ် တောင်းဆိုချက်များနှင့်အညီ မသန်စွမ်းမဲဆန္ဒရှင်များအတွက် လက်လှမ်းမီ ရရှိနိုင်ရေးကို သေချာစေရန် တာဝန်ယူဆောက်ချထားသည်။ မသန်စွမ်းမဲဆန္ဒရှင်များကို လွတ်လပ်စွာနှင့် အဓိပ္ပာယ်ရှိစွာ မဲပေးခွင့်ရရှိစေရန် RR/CC သည် မဲပေးခွင့် လွယ်ကူရေး အကြံပေးကော်မတီ (VAAC)ကို 2006 ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထိုအချိန်မှစတင်၍ RR/CC သည် မဲဆန္ဒရှင် ပညာရေး၊ ကွင်းဆင်းခြင်းနှင့် လွယ်ကူစွာ မဲပေးနိုင်ရေး အတွေ့အကြုံတစ်ခုစသည်တို့ကို ထိရောက်မှုရှိရေး သေချာရန်အတွက် ပုံမှန်အစည်း အဝေးများနှင့် လှုပ်ရှားမှုများကို ကျင်းပခဲ့ရာ နှစ်ပေါင်း 20 တိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိ လက်လှမ်းမီရနိုင်သော အစီအစဉ်များကို တိုးတက်ရန်နှင့် မသန်စွမ်းမဲဆန္ဒရှင်များအား ပိုမို အကျိုးပြုနိုင်ရန် လုပ်ဆောင်မှုအသစ်များ ဖြင့် အကြံပြုထားသည်။ ကော်မတီ၏ ရည်မှန်းချက်သည် မဲဆန္ဒရှင်အားလုံးအား အခြားမဲဆန္ဒရှင်များကဲ့သို့ တူညီသောအဆင့်များဖြင့် လက်လှမ်းမီရယူနိုင်မှုနှင့် ပါဝင်နိုင်မှုရရှိရေး သေချာစေရန်တို့ဖြစ်ကြသည်။

RR/CC သည် အိမ်ရှင်အဖြစ်၊ ပူးတွဲအိမ်ရှင်အဖြစ်၊ သို့မဟုတ် VAAC အဖွဲ့ဝင်များနှင့်အတူ ထောက်ပံ့ပေးခဲ့သည့် မကြာသေးမီက ပွဲအစီအစဉ်များနှင့်စီမံကိန်းများဖြစ်မှာ အောက်ပါအတိုင်းဖြစ်သည်-

- **2022 ခုနှစ် မသန်စွမ်းသတိပေး လေ့ကျင့်ရေး ဗွီဒီယိုနှင့် မဲဆန္ဒရှင်ပညာရေး အများပြည်သူသတိပေး ကြေညာချက်(PSA)** - VAAC အဖွဲ့ဝင်များသည် ဝန်ထမ်းများနှင့် မဲဆန္ဒရှင်များကို ပညာပေးရန်နှင့် သတိထားမှု တိုးမြှင့်ရန် ရွေးကောက်ပွဲလုပ်သား လေ့ကျင့်ရေး ဗွီဒီယိုနှင့် PSA အများပြည်သူသတိပေး ကြေညာချက်ကို RR/CC နှင့်အတူ ပူးတွဲထုတ်လုပ်ခဲ့သည်။







- **2023 ခုနှစ် လက်လှမ်းမီသုံးစွဲနိုင်ခွင့် သင်တန်း-** RR/CC မဲစင်တာအကဲဖြတ်ခြင်းနှင့် ဝန်ထမ်းစုဆောင်း ရေးအသင်းသည် မသန်စွမ်း မဲဆန္ဒရှင်များ ရင်ဆိုင်ရသော စိန်ခေါ်ချက်အချို့ကို လက်တွေ့သရုပ်ပြခြင်း ဖြင့် စာနာမှုဆောက်တည်ရန် ကူညီပေးခဲ့သော မြို့တော်စာရေးများကဲ့သို့ ရုံးတွင်းပိုင်း ဝန်ထမ်းများနှင့် ပြင်ပသက်ဆိုင်သူများအတွက် သင်ယူခွင့် အများအပြားကို ဦးစီးလုပ်ဆောင်ပေးခဲ့သည်။ ပါဝင် တက်ရောက်သူများကို အပြောင်းလဲများသော လမ်းကြောင်းအဆင့်ဆင့်၊ ကျဉ်းမြောင်းသော လမ်းကြောင်းများနှင့် အကွေ့အချိုးနေရာများကို ဘီးတပ်ကုလားထိုင်တစ်ခုဖြင့် ဖြတ်သန်းသွားလာစေဖို့

တောင်းဆိုခဲ့သည်။ ၎င်းတို့ကိုလည်း မျက်စိအကာ တပ်ဆင်ခိုင်းပြီး အတားအဆီးများကို သိရှိရန် တုတ်ကောက်ကို အသုံးပြုခြင်းဖြင့် အမြင်အာရုံချို့ယွင်းသူများရင်ဆိုင်ရသည့် အန္တရာယ်အခက်အခဲများ ကို တွေ့ကြုံခံစားခွင့်ရစေခဲ့သည်။ အဆိုပါ လေ့ကျင့်ခန်းများသည် အတားအဆီးများကို အမြဲတမ်း ဖယ်ရှားနိုင်သော သို့မဟုတ် အနာဂတ် အတားအဆီးများ ဖြစ်နိုင်သည့်နေရာတိုင်း အဆောက်အအုံ မန်နေဂျာများက အတားအဆီးများကို ခွဲခြားဖော်ထုတ်ခြင်းနှင့် ဖယ်ရှားခြင်းတွင် ကောင်တီဝန်ထမ်းများ အား သတိရှိခြင်း၏ အရေးကြီးပုံကို ထင်ဟပ် ပေါ်လွင်စေခဲ့သည်။

- **2024 ခုနှစ် မဲပေးခွင့်လွယ်ကူရေး အကြံပေး ကော်မတီ ပစ္စည်း ရှင်းလင်းရေးဌာနအပိုင်း ဆပ်ကော်မတီ-** VAAC သည် မသန်စွမ်းသူများအတွက် Los Angeles ကောင်တီတွင် ရရှိနိုင်သော မဲပေးရွေးချယ်မှုများ၊ သတင်းအချက်အလက်များနှင့်ပတ်သက်၍ အရင်းအမြစ်များကို ရှာဖွေရန် ပြုလုပ်ပုံအဆင့်ဆင့် လက်ကမ်းစာရွက်တစ်ခုကို ထုတ်လုပ်ရန် ၎င်းဆပ်ကော်မတီအား တည်ထောင် ခဲ့သည်။ 2024 ခုနှစ် နိုဝင်ဘာလတွင် အထွေထွေ ရွေးကောက်ပွဲအတွက် သီးသန့်ပုံစံဖြင့် ပြုလုပ်ထား သော လက်ကမ်းစာစောင်တစ်ခုကိုလည်း ထုတ်လုပ်ခဲ့ပြီး ရွေးကောက်ပွဲ မတိုင်မီ VAAC အဖွဲ့ဝင် အားလုံးသို့ ဖြန့်ဝေခဲ့သည်။ "သင်၏ ရွေးချယ်မှုများကို နားလည်သဘောပေါက်ရန်ဆိုသည့် မသန်စွမ်း မဲဆန္ဒရှင်များအတွက် ပြုလုပ်ပုံအဆင့်ဆင့် သတင်းအချက်အလက် လမ်းညွှန်တစ်ခု" လက်ကမ်း စာစောင်တွင် မသန်စွမ်းမဲဆန္ဒရှင်များကို မည်သို့ မဲပေးမှတ်ပုံတင်ခြင်း၊ လူကိုယ်တိုင် မဲပေးခြင်းအတွက် မည်သည့် ရွေးချယ်စရာများ ရှိပုံ၊ မဲပေးလွှာ အမှတ်အသားပြုလုပ်သည့် ကိရိယာ (BMD) တွင် ပါရှိထား သည့် အသွင်အပြင်များကို မည်သို့ အသုံးပြုပုံနှင့် အဝေးမှ အသုံးပြုနိုင်သော စာတိုက်မှမဲပေးခြင်းကို မည်သို့အသုံးပြုပုံ၊ ပလက်ဖောင်းဘောင် မဲပေးပုံ၊ အသံ နမူနာမဲပေးလွှာနှင့် အခြားဝန်ဆောင်မှုများကို မည်သို့ အသုံးပြုနိုင်ပုံစသော အသေးစိတ် လမ်းညွှန်ချက်များပါဝင်သည်။

- **2025 ခုနှစ် VAAC လက်လှမ်းမီဝင်ရောက်ခွင့် ခရီးစဉ်-** 2025 ခုနှစ်၊ စက်တင်ဘာလ 17 ရက်နေ့တွင် RR/CC သည် VAAC အဖွဲ့အစည်းများအတွက် အခွင့်အရေးတစ်ခုကို ဖန်တီးခဲ့ပြီး၊ မဲစင်တာတည်နေရာ တစ်ခုတွင် မသန်စွမ်းမဲဆန္ဒရှင်များ လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်ပုံ အခက်အခဲစိန်ခေါ်မှုကို စစ်တမ်းလေ့လာနေသော RR/CC အဖွဲ့အား လေ့လာစောင့်ကြည့်ခဲ့ကြသည်။ RR/CC အဖွဲ့ သည် နှစ်စဉ်နှစ်တိုင်း မဲစင်တာ တစ်ခုဖြစ်လာရန် လိုအပ်ချက်များနှင့်ကိုက်ညီမှု ရှိမရှိကို ဖော်ထုတ်ရန်အတွက် ရည်ရွယ်ထားသော နေရာများတွင် စစ်တမ်းတစ်ခုအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြသည်။ VAAC အဖွဲ့ဝင်များသည် Gene Autry ပြတိုက်တွင် RR/CC ၏ စစ်တမ်းအဖွဲ့ကို လေ့လာစောင့်ကြည့်ခဲ့ပြီး မသန်စွမ်းမဲဆန္ဒရှင်များ လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်မှု အတွေ့အကြုံ တစ်ခုပေးရန်၊ နေရာများကို ရှာဖွေရန် သို့မဟုတ် စိန်ခေါ်ချက်များကို လျှော့ချရန် အသုံးဝင်သော အကြံပြုချက်များကို ပံ့ပိုးပေးခဲ့ကြသည်။





VAAC အစည်းအဝေးများသည် မြို့တော်အစိုးရမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းမဲဆန္ဒရှင်များအား တာဝန် ထမ်းဆောင်သော အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့် ပညာရေး အုပ်စုများအပြင် အခြားသက်ဆိုင်သူ အုပ်စုများအပါအဝင် အောက်ပါအုပ်စုများကိုလည်း အတူစုပေါင်းထားကြသည်-

- Ability First
- Access Services
- American Civil Liberties Union (ACLU)
- Braille Institute
- California Common Cause
- California Council of the Blind
- California Individual Living Center
- City Clerk of Manhattan Beach
- Disability Community Resource Center
- Disability Rights California
- Disabled Resources Center Inc.
- Eastern Los Angeles Regional Center
- Independent Living Center of Southern California, Inc.
- L.A. City Department of Disability
- L.A. County Commission on Disabilities
- Service Center for Independent Life
- Southern California Resource Services for Independent Living (SCRS-IL)
- University of Southern California Center for Disability Studies and Community Inclusion

အဆိုပါအစည်းအဝေးများသည် နှီးနှောပွဲတစ်ခုဖြစ်ပြီး ကွင်းဆင်းရေး အခွင့်အရေးများ၊ မဲစင်တာတည်နေရာ၊ ရွေးကောက်ပွဲ အလုပ်သမား စုဆောင်းရေး လိုအပ်ချက်များ၊ လက်ရှိလက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်သော အစီအစဉ်များ၏ အကဲဖြတ်ခြင်းနှင့် တိုးတက်မှုများအပြင် မသန်စွမ်းမဲဆန္ဒရှင်များအား ပိုမိုအကျိုးပြုရန် အစပြုမှုအသစ်များ၏ အဆိုပြုချက်များစသော ဆွေးနွေးမှုအကြောင်းအရာများဖြစ်ကြသည်။

VAAC ၏ ဆက်လက်လုပ်ဆောင်နေသော လုပ်ငန်းများအပြင် ကျွန်ုပ်တို့၏ ရွေးကောက်ပွဲများတွင် မျှတသော ပါဝင်ဆင်နွှဲနိုင်မှုကို သေချာစေရန်နှင့် လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်ခွင့် တိုးတက်ကောင်းမွန်မှုရှိစေရန် လမ်းညွှန်မှုနှင့် အကြံပြုချက်များတို့ကို ထောက်ပံ့ပေးထားပါသည်။ VAAC သည်-

- **မိုဘိုင်း (ရွှေ့ပြောင်းနိုင်သော) မဲပေးရေးအစီအစဉ်ကို ထောက်ပံ့ပေးခြင်း-** ဖလက်စ် မဲပေးစင်တာ တည်နေရာများကို ခွဲခြားသိမြင်ခြင်းနှင့် လုပ်သားစုဆောင်းခြင်းတို့ကို ကူညီပေးပြီး၊ တစ်ရက်တာ မဲပေးသည့်နေရာများကို အလွယ်တကူအသုံးပြုနိုင်မှုအား သေချာစေရန်နှင့် တမူထူးသော လိုအပ်ချက်များရှိသည့် လူ့အသိုင်းအဝိုင်းများတွင် ၎င်းတို့ကို ဗျူဟာကျကျ ထားရှိသည်။ VAAC သည် လမ်းပန်းဆက်သွယ်ရေး စိန်ခေါ်မှုများရှိသော နယ်မြေများ သို့မဟုတ် လက်လှမ်းမီဝင်ရောက်အသုံးပြု ရယူနိုင်မှု အကန့်အသတ်ရှိသော အစဉ်အလာ မဲပေးစင်တာများစသော လူအများနေထိုင်ရာ နေရာတို့တွင် အရှင်သုံး မဲစင်တာ၊ တစ်ရက်တာ မဲစင်တာများစသည့် မည်သည့်အသိုင်းအဝိုင်းများကို အများဆုံးအကျိုးပြုနိုင်လိမ့်မည်ဆိုသော ထိုးထွင်းသိမြင်မှုများအား ပံ့ပိုးပေးလျက်ရှိပါသည်။ ၎င်းတို့၏ ထောက်ခံချက်များမှာ မိုဘိုင်း မဲပေးရေးအစီအစဉ်သည် လက်လှမ်းမီဝင်ရောက် အသုံးပြုနိုင်ခွင့်ကို တိုးချဲ့နိုင်သည့်အပြင် မသန်စွမ်းမဲဆန္ဒရှင်များအတွက် အဓိပ္ပာယ်ရှိသော ရွေးချယ်မှုများပေးနိုင်ရန် သေချာစေသည်။
- **ဒစ်ဂျစ်တယ်နည်းပညာဖြင့် လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်မှုအပေါ် အကြံပြုချက်များ-** RR/CC ၏ ဝက်ဘ်ဆိုက်များနှင့် ဒစ်ဂျစ်တယ်ကိရိယာများကို ပြန်လည်သုံးသပ်၍ သုံးစွဲသူ အတွေ့အကြုံ တုံ့ပြန်မှုနှင့် ဒီဇိုင်း အကြံပြုချက်များကို ထောက်ပံ့ပေးပြီး၊ မသန်စွမ်းမဲဆန္ဒရှင်များအတွက် လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်မှုနှင့် အသုံးပြုနိုင်မှုတို့ကို တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။ VAAC သည် လမ်းညွှန်မှု၊ ဖတ်ရှုနိုင်မှုနှင့် ADA (အမေရိကန် မသန်စွမ်းများ အက်ဥပဒေ) လိုက်နာမှု ဆိုင်ရာများနှင့်အညီ အကြံဉာဏ်များပေးခဲ့ပြီး၊ အွန်လိုင်းအရင်းအမြစ်များသည် မည်သူမဆို ဝင်ရောက်ပါဝင်နိုင်ပြီး အလွယ်တကူ အသုံးပြုနိုင်ကြောင်းကို သေချာစေသည်။ ဤအကြံပြုချက်များသည် RR/CC ၏ ဒစ်ဂျစ်တယ် ဝက်ဘ်ဆိုက်များနှင့် ပလက်ဖောင်းများအပေါ်တွင် ဆက်လက် တိုးတက်မှုများနှင့် အတည်ပြုချက်များအား လမ်းညွှန်မှုအဖြစ်ပေးထားသည်။

VAAC နှင့် ပတ်သက်၍ နောက်ထပ် သတင်း အချက်အလက်များကို **LAVOTE.GOV** တွင် တွေ့ရှိနိုင်ပါသည်။

## 1-B. မီဒီယာနှင့် အများပြည်သူ ကွင်းဆင်းဟောပြောခြင်း

RR/CC သည် Los Angeles ကောင်တီရှိ လူမျိုးစု များပြားစုံလင်သော မဲဆန္ဒရှင်အုပ်စုများထံရောက်ရှိရန် အချက်အလက်ဖြင့်ရယူထားသော မဲဆန္ဒရှင်ပညာရေးနှင့် ကွင်းဆင်းရေး လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဖော်ကြသည်။ မကြာသေးမီက အကြီးစား ရွေးကောက်ပွဲ လည်ပတ်မှုမှရရှိသော သင်ခန်းစာများအပေါ် အခြေခံ၍၊ RR/CC ၏ ကွင်းဆင်းမှုပုံစံသည် ခေတ်သစ် မီဒီယာ နည်းဗျူဟာများ၊ ဘာသာစကားပေါင်းစုံနှင့် ယဉ်ကျေးမှုပေါင်းစုံ သတင်းပို့ခြင်းများအပြင် အသိုင်းအဝိုင်း ပူးပေါင်းဆောင်ရွက်မှုများတို့ဖြင့် ပေါင်းစပ်ပြီး အချိန်နှင့်တပြေးညီ တိကျမှန်ကန် ယုံကြည်စိတ်ချရသော သတင်း အချက်အလက်များကို မျှမျှတတ အသုံးပြုနိုင်ရန် သေချာစွာဆောင်ရွက်ထားပါသည်။

ကျွန်ုပ်တို့၏ ချဉ်းကပ်မှုသည် ယခင် မဲဆန္ဒရှင်ပညာရေး လှုပ်ရှားမှု အစီရင်ခံစာများ၊ လုပ်ဆောင်မှု တိုင်းတာချက်များ၊ မဲဆန္ဒရှင်စစ်တမ်းများ၊ တစ်နိုင်ငံလုံးမှ အသိအမှတ်ပြုထားသော မဲဆန္ဒရှင်အပြုအမူနှင့် မီဒီယာ သုံးစွဲရေး ရေပန်းစားမှုအပေါ် ပြုစုထားသည့် သုတေသနပြုချက်များမှ ကိုးကားရယူခဲ့ပါသည်။

RR/CC သည် အွန်လိုင်းနှင့် ကျွန်ုပ်တို့၏ အခမဲ့ ဟော့လိုင်းမှတစ်ဆင့် ယုံကြည်စိတ်ချရသော အရင်းအမြစ်များသို့ ညွှန်ကြားခြင်းနှင့်အတူ ၎င်းတို့၏ မဲပေးရွေးချယ်မှုများ၊ အခွင့်အရေးများနှင့်ပတ်သက်၍ ပြည်သူလူထုအား မည်သို့ အသိပညာပေးရမည်ကို အကောင်းဆုံး ဆုံးဖြတ်ချက်ချနိုင်ရန် အချက်အလက်ဖြင့်ရယူထားသော ချဉ်းကပ်နည်းတစ်ခုဖြင့် ဆက်လက် အသုံးပြုသွားမည်ဖြစ်သည်။

### i. အသံလွှင့်ခြင်းနှင့် လူမျိုးစုမီဒီယာ

RR/CC သည် သိမြင်နိုင်စွမ်းနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာအား အများဆုံးရရှိစေရန် ပင်မရေစီးကြောင်းနှင့် ဒေသခံ လူမျိုးစု အသံလွှင့်ဌာန ကွန်ယက်ဖြစ်သော(ရုပ်မြင်သံကြားနှင့် ရေဒီယို)တို့ ဖြင့် ပူးပေါင်း ဆောင်ရွက်ကြသည်။ လူထုဝန်ဆောင်မှု ကြေညာချက်များ၊ တိုက်ရိုက်ထုတ်လွှင့်မှု တွေ့ဆုံမေးမြန်းခန်းများနှင့် သတ်မှတ်ထားသော အခပေး မီဒီယာနေရာများမှတဆင့် လာမည့် ရွေးကောက်ပွဲများ၊ မှတ်ပုံတင်သတင်း အချက်အလက်များ၊ ဘာသာစကား အသုံးပြုခွင့်၊ မဲပေးရွေးချယ်မှုများနှင့် ရွေးကောက်ပွဲ လုံခြုံရေးစသော အရေးကြီး အကြောင်း အရာများကို ထုတ်လွှင့်ပို့သပေးကြသည်။ ဤကြိုးပမ်းအားထုတ်မှုများသည် ဒါဇင်ပေါင်းများစွာသော အင်္ဂလိပ်နှင့် အင်္ဂလိပ် မဟုတ်သော ရုပ်သံလွှင့်ဌာနသို့ တိုးချဲ့ရောက်ရှိစေပြီး အသိုင်းအဝိုင်း ပရိသတ်များနှင့် ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် သင့်တင့်လျောက်ပတ်သော ဇာတ်ညွှန်းများနှင့် တင်ဆက်သူများတို့ကို တစ်ပါတည်း ချိတ်ဆက်ပေးထားသည်။

### ii. ပုံနှိပ်မီဒီယာ

RR/CC သည် ဒေသ၊ ဒေသခံဆိုင်ရာနှင့် လူမျိုးစု သတင်းစာများ၊ မဂ္ဂဇင်းများနှင့် စာနယ်ဇင်းတို့ဖြင့် အတူပူးပေါင်း ဆောင်ရွက်ပြီး ပုံနှိပ်မီဒီယာအား နှစ်သက်သော သို့မဟုတ် မှီခို အားထားသော မဲဆန္ဒရှင်များ -

အထူးသဖြင့် ဘာသာစကားအရ ကွဲပြားခြားနားသော၊ ပထဝီမြေအနေအထားအရ သီးခြားဖြစ်သော၊ သို့မဟုတ် သက်ကြီး မဲဆန္ဒရှင်အစရှိသည့် လူဦးရေများထံသို့ ရောက်ရှိရန်ဖြစ်ပါသည်။ ဤနေရာများတွင် စာဖတ်သူများကို မိမိဘာသာစကားဖြင့်အသုံးပြုနိုင်သော အွန်လိုင်းကိရိယာများ သို့မဟုတ် မဲဆန္ဒရှင် ဟော့လိုင်းသို့ လုပ်ဆောင်နိုင်သော သတင်းအချက်အလက်များကို ရှင်းလင်းနားလည်လွယ်မှုရှိရန် ပံ့ပိုးပေးထားပါသည်။

## iii. ဒစ်ဂျစ်တယ်နှင့် တိုက်ရိုက်ထုတ်လွှင့်မှုမီဒီယာ

မကြာသေးမီက ရွေးကောက်ပွဲကာလများတွင် RR/CC သည် လူမှုရေး ပလက်ဖောင်းများ၊ သတင်း ဝက်ဘ်ဆိုက်များနှင့် တိုက်ရိုက်ထုတ်လွှင့်မှု ဝန်ဆောင်မှုများပေါ်တွင် ဘာသာစကားအမျိုးမျိုးဖြင့် ဗီဒီယိုနှင့် ပုံသေအကြောင်းအရာများနှင့်အတူ ၎င်း၏ ဒစ်ဂျစ်တယ် ခြေရာကို တိုးချဲ့နိုင်ခဲ့သည်။ ဒစ်ဂျစ်တယ်နှင့် တိုက်ရိုက်ထုတ်လွှင့်သော မီဒီယာများသည် လူငယ် မဲဆန္ဒရှင်များ၊ ပထမအကြိမ် မဲဆန္ဒရှင်များနှင့် ဘာသာစကား လူနည်းစု အသိုင်းအဝိုင်းများအပါအဝင်၊ ဦးစားပေးမှု မြင့်မားပြီး ပစ်မှတ်အဖြစ်ထားသော လူဦးရေအုပ်စုသို့ရောက်ရှိရာတွင် အဓိက အခန်းကဏ္ဍတစ်ခုအဖြစ် ဆက်လက်လုပ်ဆောင်နေသည်။

## iv. လူမှုမီဒီယာ

RR/CC သည် Facebook၊ LinkedIn၊ Instagram၊ X (ယခင် Twitter)၊ YouTube စသော လူမှုမီဒီယာပလက်ဖောင်းများနှင့် တိုးတက်ဖြစ်ထွန်းလာသော ပလက်ဖောင်းများ၏ အားကောင်းမှုနှင့် အဆက်မပြတ်လွှမ်းမိုးနိုင်မှုစသော အားများကိုရယူကာ မဲဆန္ဒရှင်များအား ပါဝင်ဆင်နွှဲနိုင်ရန် အသိပေးသွားမည်ဖြစ်သည်။ ယခင်လှုပ်ရှားမှုများအပေါ် အခြေခံ၍ RR/CC သည် ဘာသာစကားအမျိုးမျိုးကို အသုံးပြုခြင်းအားဖြင့် ယဉ်ကျေးမှုနှင့် သက်ဆိုင်သော အကြောင်းအရာများကို အခမဲ့နှင့်အခပေးကြော်ငြာပုံစံတို့အပါအဝင် ဗီဒီယိုအတိုပုံစံများဖြင့် ထည့်သွင်းခြင်း၊ အပြန်အလှန် လှုပ်ရှားမှုရှိသောရုပ်ပုံလွှာများနှင့် ပစ်မှတ်အဖြစ်ထားရှိသော လူအုပ်စုများတွင် ကြော်ငြာများစသည်တို့ကို ထည့်သွင်းခြင်းဖြင့် ဦးစားပေးပရိသတ်များထံ ရောက်ရှိရန် ဥပမာ- လူငယ်မဲဆန္ဒရှင်များ၊ ပထမအကြိမ် မဲဆန္ဒရှင်များနှင့် သမိုင်းအရ ကိုယ်စားပြုမှုနည်းပါးသော အသိုင်းအဝိုင်းများထံ အစရှိသောနေရာသို့ ရောက်ရှိရန်တို့ ဖြစ်သည်။

လူမှုမီဒီယာသည် မဲဆန္ဒရှင်များထံ သတင်းအများအပြား ပို့ဆောင်နိုင်ရန် ကုန်ကျစရိတ် အထိရောက် အသက်သာဆုံး နည်းလမ်းများထဲမှ တစ်ခုဖြစ်နေဆဲဖြစ်ပြီး အပြန်အလှန် စကားပြောဆိုနိုင်မှုကိုလည်း ရရှိနိုင်စေသည်။ ၎င်းသည် RR/CC ကို ရွေးကောက်ပွဲ သတင်း အချက်အလက်များနှင့်အတူ မဲဆန္ဒရှင်များအား တိုက်ရိုက်ဆက်သွယ်ရန်၊ မေးခွန်းများနှင့် မှားယွင်းသော သတင်း အချက်အလက်များကို ဖြေရှင်းရန်၊ မဲဆန္ဒရှင်များအား ကျွန်ုပ်တို့၏ တရားဝင် ဝက်ဘ်ဆိုက်များနှင့် ယုံကြည်စိတ်ချရသော အရင်းအမြစ်များသို့ ညွှန်ကြားပြီး အသိရှိရှိဖြင့် ဆုံးဖြတ်ချက်များချနိုင်ရန် ခွင့်ပေးထားသည်။

ကျွန်ုပ်တို့ တရားဝင် လူမှုကွန်ယက် ပလက်ဖောင်းများအားလုံး၏ လူမှုကွန်ယက် ပလက်ဖောင်းသည် @LACountyRRCC ဖြစ်သည်။








## v. အီးမေးလ် စျေးကွက်ရှာဖွေရေး

RR/CC သည် ၎င်း၏ တိုးချဲ့ဆန့်တန်းထားသော မဲဆန္ဒရှင် အီးမေးလ် ဒေတာဘေ့စ်ကို မဲဆန္ဒရှင်တို့ နှစ်သက်သော ဘာသာစကားဖြင့် မဲဆန္ဒရှင်များ၏ စာတိုက်ပုံးများသို့ အချိန်နှင့်တပြေးညီ၊ ယုံကြည်စိတ်ချရသော သတင်း အချက်အလက်များကို တိုက်ရိုက်ပေးပို့ရန် ဆက်လက် အသုံးပြုထားသည်။ ယခင် လှုပ်ရှားမှုများသည် ရည်ရွယ်ထားသော ဘာသာစကားနှင့် အီးမေးလ်ဖြင့်ကွင်းဆင်းခြင်း၊ အထူးသဖြင့် ဘာသာစကား အမျိုးမျိုးဖြင့် သတင်းပေးပို့ခြင်း၊ ရှင်းလင်းသော နှိုးဆော်ချက်များ၊ အွန်လိုင်း ကိရိယာများ အစရှိသည့် အရင်းအမြစ်များတို့ နှင့်အတူ မဲဆန္ဒရှင်များ ပါဝင်ပတ်သက်မှုအား ထိရောက်စွာ တွန်းအားပေးသည်ဟု ပြသခဲ့သည်။

သတင်းများတွင် ရွေးကောက်ပွဲ သတင်းအချက်အလက်၊ အရေးကြီးသော ရက်စွဲများနှင့် နောက်ဆုံး ရက်စွဲများ၊ မဲပေး အခွင့်အရေးများနှင့် အပြန်အလှန်အကျိုးပြုသော နမူနာမဲများ သို့မဟုတ် မဲစင်တာတည်နေရာပြ ကိရိယာများ သို့မဟုတ် မဲပေးလွှာထည့်ပုံးများစသော ပုဂ္ဂိုလ်ရေးသုံးကိရိယာများဖြင့် ချိတ်ဆက်မှုများ ပါဝင် လိမ့်မည်။ အီးမေးလ် လှုပ်ရှားမှုများတွင် လက်လှမ်းမီဝင်ရောက်အသုံးပြုခွင့် အရင်းအမြစ်များ၊ ဘာသာစကား အကူအညီ ရွေးချယ်မှုများနှင့် ရွေးကောက်ပွဲ လုံခြုံရေး သတင်း အချက်အလက်များအစရှိသည်များကို အသားပေးပေါ်လွင်စေရန်လည်း အသုံးပြုခဲ့ပြီး၊ မဲဆန္ဒရှင်များအား ယုံကြည်စိတ်ချမှုဖြင့် မဲပေးနိုင်ရန်နှင့် ကြိုတင် စီစဉ်နိုင်ရန် သေချာမှု ရှိစေသည်။

## vi. အိမ်ပြင်ပမီဒီယာ





RR/CC သည် နေထိုင်သူများရှိရာ၊ အလုပ်သွား၊ အလုပ်လာနေရာအစရှိသော နေထိုင်သူများသို့ အိမ်ပြင်ပ ကြော်ငြာများဖြင့် နည်းဗျူဟာကျကျ ဆက်လက် အသုံးပြုမည်ဖြစ်သည်။ ယခင် ရွေးကောက်ပွဲကာလများတွင် ကြော်ငြာဆိုင်းဘုတ်များ၊ ဘတ်စ်ကားမှတ်တိုင်များနှင့် ဘတ်စ်ကားတွင် ကပ်ထားသော ကြော်ငြာဆိုင်းဘုတ်များတို့ကို ယာဉ်အသွားအလာများသောနေရာများနှင့် သမိုင်းအရ မဲဆန္ဒရှင် ပါဝင်မှုနှုန်း နည်းပါးသော ရပ်ကွက်များတွင် ထားရှိခဲ့ပြီး၊ မျှတသော ပထဝီအနေအထား လွှမ်းခြုံမှုဖြင့် ကြော်ငြာရောက်ရှိနိုင်ရေးတို့ကို သေချာစေခဲ့သည်။ ထို့အပြင် အဝေးပြေး လမ်းမကြီးများပေါ် ရှိ ကြော်ငြာဆိုင်းဘုတ်များကို အပြည့်အဝ အသုံးချခဲ့သည်။ ၎င်းကို ဆက်လက်၍ စူးစမ်းမှုများပြုလုပ်ကာ အဓိကကျသော ရွေးကောက်ပွဲ သတင်း အချက်အလက်များကို ကောင်တီအတွင်း မတူကွဲပြားပြီး ပထဝီအနေအထား သီးခြားဖြစ်နေသော ရပ်ရွာအသိုင်းအဝိုင်းများသို့ ရောက်ရှိကြောင်း သေချာစေရန်တို့ဖြစ်သည်။

## vii. Rideshare/သယ်ယူ ပို့ဆောင်ရေး ကုမ္ပဏီများ

မကြာသေးမီက ရွေးကောက်ပွဲများတွင် Rideshare ကုမ္ပဏီများ၊ Metro နှင့် အခြားသယ်ယူပို့ဆောင်ရေး ပံ့ပိုးသူများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် မဲပေးစင်တာများသို့ အခမဲ့ သို့မဟုတ် အခလျှော့ထားသော သယ်ယူပို့ဆောင်ရေးနည်းဖြင့် မဲဆန္ဒရှင်များ၏ သတိပြုနိုင်မှုကို အောင်မြင်စွာ တိုးမြှင့်နိုင်ခဲ့သည်။ RR/CC သည် သယ်ယူပို့ဆောင်ရေး အချက်အချာများ၌ ယာဉ်ပေါ် ရှိ ကြော်ငြာများ၊ ပလက်ဖောင်းအသိပေးချက်များနှင့် ရုပ်ပိုင်းဆိုင်ရာဖြစ်သော ဆိုင်းဘုတ်များမှတဆင့် ဩပုံစံအားအခြေတည်၍ ထပ်မံတိုးချဲ့သွားမည်ဖြစ်သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများကို အပြည့်အဝအသုံးချပြီး၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး အကန့်အသတ်ရှိသော ရပ်ကွက်များတွင်လည်း မဲဆန္ဒရှင်မှတ်ပုံတင် သတိပေးချက်များ ပို့ပေးရန်နှင့် မဲပေးရွေးချယ်မှုများကို မြှင့်တင်လုပ်ဆောင်ကြသည်။

## viii. ဩဇာလွှမ်းမိုးသူများနှင့် ယုံကြည်စိတ်ချရသော စေတမန်များ

RR/CC သည် တရားဝင် ရွေးကောက်ပွဲ သတင်း အချက်အလက်များကို တိုးချဲ့ရန် ဒေသခံ ဩဇာလွှမ်းမိုးသူများ၊ အသိုင်းအဝိုင်း ခေါင်းဆောင်များနှင့် ယုံကြည်စိတ်ချရသော စေတမန်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားလိမ့်မည်။ ယခင်ကြိုးပမ်းအားထုတ်မှုများ၏ဖော်ပြချက်အရ ရင်းနှီးမှုနှင့် ယုံကြည်မှုရှိပြီးသား အသံများ ဖြစ်သည့် ဖျော်ဖြေသူများ၊ အနုပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် ရပ်ကွက်အဆင့် ခေါင်းဆောင်တို့မှတဆင့်ပေးပို့သော သတင်းစကားများသည် အသိုင်းအဝိုင်းအတွင်း လုပ်ဆောင်နိုင်ပြီး မျှဝေရန် ပိုမိုဖြစ်နိုင်ဖွယ်ရှိခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် ဘာသာစကား၊ ယဉ်ကျေးမှုနောက်ခံနှင့် ပထဝီမြေအနေအထား ကိုယ်စားပြုခြင်းစသည်တို့၏ မတူကွဲပြားမှုများကို ဦးစားပေးလိမ့်မည်ဖြစ်ပြီး Los Angeles ကောင်တီ၏ မဲဆန္ဒရှင်အုပ်စုများသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရန် သေချာစေပါလိမ့်မည်။ ဩဇာလွှမ်းသူများအား သတင်းတစ်သမတ်တည်းဖြစ်စေရန်နှင့် တိကျမှန်ကန်မှုတို့ကို ထိန်းသိမ်းရန်၊ မျှဝေရန် အသင့်ရှိသော

အသိုင်းအဝိုင်း ကိရိယာများနှင့်အတူ ရုပ်ပုံများ၊ ဗွီဒီယိုများနှင့် နမူနာ ပို့စ်များအပါအဝင်အစရှိသည်များကို ထောက်ပံ့ပေးခဲ့သည်။












## ix. တိုက်ရိုက် စာပို့မှုဖြင့် ကွင်းဆင်းခြင်း

နမူနာမဲပေးလွှာနှင့် စာတိုက်မှမဲပေးခြင်း အထုပ်များအပြင် RR/CC သည် လာမည့် ရွေးကောက်ပွဲများနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်သည့် အရေးယူလုပ်ဆောင်နိုင်သော သတင်း အချက်အလက်များနှင့်အတူ မဲဆန္ဒရှင်များအား ထောက်ပံ့ပေးရန် ရည်ရွယ်ထားသော ဘာသာစကား အမျိုးမျိုးဖြင့် တိုက်ရိုက် စာပို့လုပ်ရှားမှုနည်းများကို ဆက်လက်၍ အပြည့်အဝအသုံးချသွားမည်။ အဆိုပါ စာပို့မှုများသည် အတွေ့အကြုံရှိသူနှင့် ပထမဆုံးအကြိမ် မဲဆန္ဒရှင် နှစ်ဦးစလုံးတို့ထံ ရောက်ရှိရန် ရည်ရွယ် ထားပြီး၊ ၎င်းတို့၏ မှတ်ပုံတင်လိပ်စာကို ပြင်ဆင်ခြင်း၊ အနီးအနားရှိ မဲပေးနေရာများသို့ မျှဝေခြင်း သို့မဟုတ် ရွေးကောက်ပွဲ ပစ္စည်းများအတွက် ၎င်းတို့နှစ်သက်သော ဘာသာစကားဖြင့် ရွေးချယ်ခြင်းကဲ့သို့ အရေးကြီးသော ခြေလှမ်းများကို လုပ်ဆောင်ရန် ၎င်းတို့အား လှုံ့ဆော်ပေးသည်။

အဆိုပါ ရည်ရွယ်ထားသော ကွင်းဆင်းရေးစာပို့မှုများသည် ကုန်ကျစရိတ်သက်သာမှုအရှိဆုံးဖြစ်ဖို့ သေချာ စေသော ဘဏ္ဍာရေးအရ အကောင်းဆုံးဖြစ်သည့်အပြင် ရောက်ရှိနိုင်မှုနှင့် အကျိုးသက်ရောက်မှုတို့ကို အများဆုံး ရရှိထားခြင်းလည်းဖြစ်သည်။ ၎င်းတို့ကို RR/CC တရားဝင်ဝက်ဘ်ဆိုက် သို့မဟုတ် အပြန်အလှန် တုံ့ပြန်သောအွန်လိုင်း အရင်းအမြစ်များသို့ တွဲဖက်ထားသည့် QR code ကဲ့သို့သော ဒစ်ဂျစ်တယ် ပါဝင်ပတ်သက်မှုကိရိယာများဖြင့် ချိတ်ဆက်ထားကြသည်။ တိုက်ရိုက်စာပို့ ကွင်းဆင်းခြင်းသည် မည်သည့်ဘာသာစကား သို့မဟုတ် မည်သည့်နေရာတွင်မဆို၊ မဲဆန္ဒရှင်အားလုံးသည် ၎င်းတို့၏ မဲပေးရွေးချယ်မှုများကို သတိပြုမိပြီး ယုံကြည်စိတ်ချစွာ ပါဝင်နိုင်ကြောင်း သေချာစေသည်။





## x. RR/CC ဝက်ဘ်ဆိုက် – LAVOTE.GOV

RR/CC တရားဝင် ဝက်ဘ်ဆိုက်ဖြစ်သည့် LAVOTE.GOV သည် Los Angeles ကောင်တီတွင် မဲပေးခြင်းနှင့် ရွေးကောက်ပွဲ သတင်း အချက်အလက် အားလုံးအတွက် ဗဟိုအချက်အချာအဖြစ် တာဝန်ထမ်းဆောင်သည်။ ရွေးကောက်ပွဲတစ်ခုစီတွင် ယုံကြည်မှုဖြင့် ပါဝင်ရန် မဲဆန္ဒရှင်များတွင် ၎င်းတို့လိုအပ်သော သတင်း အချက်အလက်များရှိကြောင်းသေချာစေရန် ၎င်းတို့အား တိကျမှန်ကန်၊ လက်လှမ်းမီဝင်ရောက် အသုံးပြုနိုင်သည့် အပြင် အချိန်နှင့်တပြေးညီ အကြောင်းအရာများကို အဆက်မပြတ် သစ်လွင်နေအောင် ပြင်ဆင်ပေးထားသည်။ အဆိုပါဝက်ဘ်ဆိုက်သည် လာမည့် ရွေးကောက်ပွဲများ၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲပေးရွေးချယ်မှုများ၊ နောက်ဆုံးရက်နှင့် ရွေးကောက်ပွဲ လုံခြုံရေးအစရှိသော အရေးကြီးအသေးစိတ် အချက်အလက်များအပြင် လူကိုယ်တိုင်နှင့် စာတိုက်မှမဲပေးခြင်း နှစ်ခုစလုံးအတွက် အဆင့်ဆင့် လမ်းညွှန်ချက်များကို ထောက်ပံ့ပေးထားသည်။ ထို့အပြင် အဆိုပါ ဝက်ဘ်ဆိုက်သည် ADA အသုံးပြုနိုင်သော စံနှုန်းများနှင့် ကိုက်ညီရန် ဒီဇိုင်းဆွဲထားပြီး၊ မသန်စွမ်းမဲဆန္ဒရှင်များကို ထောက်ပံ့ရန် အသွင်အပြင်များနှင့် ပေါင်းစပ်ထားပြီး၊ ဘာသာစကားအမျိုးမျိုးဖြင့် အကြောင်းအရာများကို ထောက်ပံ့ပေးထားပြီး၊ ကောင်တီ၏ မတူကွဲပြားသော လူဦးရေအတွက် သတင်း အချက်အလက်များကို မျှမျှတတ အသုံးပြုခွင့်ရရန် သေချာစေသည်။

LAVOTE.GOV ပေါ်တွင် အဓိက ရွေးကောက်ပွဲ အကြောင်းအရာအပြင်၊ RR/CC သည် မဲပေး အတွေ့အကြုံ တိုးတက်ရန်နှင့် အသိုင်းအဝိုင်းကွင်းဆင်းရေးကို ထောက်ပံ့ရန် အပြန်အလှန်တုံ့ပြန်သော ကိရိယာများနှင့် ကူးယူနိုင်သော အရင်းအမြစ်များကို ကမ်းလှမ်းပေးထားသည်။ ၎င်းတို့မှာ-

- **မဲပေးရန် အစီအစဉ်ပြုလုပ်ခြင်းကိရိယာ–** မဲဆန္ဒရှင်များအား အပြန်အလှန်အကျိုးပြု အွန်လိုင်း ကိရိယာတစ်ခုဖြင့် ကိုယ်ပိုင်မဲပေးအစီအစဉ်တစ်ခုကို ဖန်တီးနိုင်ရန် ကူညီပံ့ပိုးပေးထားသည်။ မဲဆန္ဒရှင်များသည် ၎င်းတို့၏ မဲပေးရွေးချယ်မှုများကို စူးစမ်းလေ့လာနိုင်ပြီး ၎င်းတို့နှင့် အနီးဆုံး မဲပေးနေရာများကိုလည်း တစ်နေရာတည်း၌ ရှာဖွေနိုင်သည်။
- **အသိုင်းအဝိုင်း ဒီဂျစ်တယ် ကိရိယာ-** အသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများ၊ ထောက်ခံအားပေးရေး အုပ်စုများနှင့် ဒေသခံတွဲဖက်များအတွက် နားလည်ရလွယ်သော ဝက်ဘ်ဆိုက်တစ်ခုကို ပြုလုပ်ပေးထားသည်။ အဆိုပါ ကိရိယာများတွင် ဘာသာစကား အမျိုးမျိုးဖြင့် ဖော်ပြထားသော လူမှုမီဒီယာ ရုပ်ပုံများ၊ လက်ကမ်းစာစောင်များ၊ အချက်အလက် စာရွက်များနှင့် ၎င်းတို့၏ ကိုယ်ပိုင် မဲဆန္ဒရှင် ပညာရေးနှင့် ကွင်းဆင်းမှုတို့ကို ဆောင်ရွက်ရန် လုပ်ဖော်ကိုင်ဖက်များအား စွမ်းအားပေးသော အဓိက သတင်းများ ပါဝင်ကြသည်။

ဤအရင်းအမြစ်များသည် တရားဝင် ရွေးကောက်ပွဲ သတင်း အချက်အလက်များ၏ ယုံကြည်စိတ်ချရသော အရင်းအမြစ်တစ်ခုအဖြစ် ဝန်ဆောင်မှုပေးရုံတင်မက ဒေသခံများနှင့် အသိုင်းအဝိုင်း အဖော်များကို ဒီမိုကရေစီ လုပ်ငန်းစဉ်တွင်ပါဝင်ရန် ၎င်းတို့လိုအပ်သော သတင်း အချက်အလက်များကို အသုံးပြုခြင်း၊ မျှဝေခြင်း၊ လုပ်ဆောင်နိုင်ခြင်းအပြင် မဲဆန္ဒရှင်များ၏ အခွင့်အာဏာပေးခြင်းအတွက် ပလက်ဖောင်းလည်းဖြစ်သည်။




## xi. ပြည်သူ့ပညာရေးနှင့် ကွင်းဆင်းခြင်း

RR/CC သည် Los Angeles ကောင်တီတွင် မဲပေးရန်အရည်အချင်းပြည့်မီသော မဲဆန္ဒရှင်အားလုံးကို အထူးသဖြင့် ကိုယ်စားပြုမှုနည်းပါးပြီး သမိုင်းအရ မဲပေးမှု အနည်းပါးဆုံးသော အသိုင်းအဝိုင်းများတွင် မှတ်ပုံတင် မဲပေးနိုင်ရန် တိကျမှန်ကန်ပြီး ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် ရွေးကောက်ပွဲ သတင်း အချက်အလက်များကို အသုံးပြုခွင့်ရရှိရေးအား သေချာစေရန် တစ်နှစ်ပတ်လုံး ကွင်းဆင်းမှုများကို လုပ်ဆောင်ကြသည်။ RR/CC အဖွဲ့သည် အသိုင်းအဝိုင်း ပွဲအစီအစဉ်များ၊ မိတ်ဖက်များ၊ ယုံကြည်စိတ်ချရသော ဒေသခံ အဖွဲ့အစည်းများနှင့် ဘာသာစကားအမျိုးမျိုးပါသော အရင်းအမြစ်များဖြင့် ထောက်ပံ့ပေးထားပြီး ပါဝင်နိုင်မှုအဟန့်အတားများကို ဖယ်ရှားနိုင်ရန်ဖြစ်သည်။ RR/CC သည် ခိုင်မာသော ပါဝင်မှုတစ်ခုကို ထိန်းသိမ်းထားပြီး၊ နိုင်ငံသား ဖြစ်မြောက်ရေး အခမ်းအနားများတွင် မဲဆန္ဒရှင်မှတ်ပုံတင် အခွင့်အရေးများကို ချက်ချင်း ကမ်းလှမ်းခြင်းနှင့် RR/CC သည် ကျောင်းများတွင် ရွေးကောက်ပွဲ ရုံငယ်များအဖြစ် ထားရှိခြင်း၊ မဲပေးသရုပ်ပြခြင်းများ၊ နိုင်ငံသားဝတ္တရားများကို စောလျင်စွာ ပါဝင်ပတ်သက်နိုင်ရေးစသည်တို့အား လှုံ့ဆော်ပေးထားပြီး မှတ်ပုံတင်နိုင်ခြင်းတို့ကိုပါ ဆောင်ရွက်ပေးထားသည်။ RR/CC သည် စာကြည့်တိုက်များ၊ ကျောင်းများ၊ ကောလိပ်များနှင့်အတူ ပူးပေါင်းပြီး ဒေသခံမြို့တော်ပွဲများတွင် ပါဝင်မှုပြုကြသည်။











RR/CC သည် ရာပေါင်းများစွာသော ပွဲအစီအစဉ်ဖြစ်ရပ်များထဲမှ  ကွင်းဆင်းမှုများဖြစ်သည် (အထက်ပါပုံ လက်ဝဲမှ လက်ယာသို့ ) ၎င်းတို့မှာ- မဟာမိတ် အရင်းအမြစ်ပွဲတော်၊ USC ၌ကျင်းပသော အမျိုးသား မဲဆန္ဒရှင် မှတ်ပုံတင်နေ့၊ Los Angeles လူမည်းကောလိပ်ပြပွဲနှင့် 2025 ခုနှစ်၊ ဇွန်လ Pasadena တွင် ကျင်းပသော နိုင်ငံသား ဖြစ်မြောက်ရေး အခမ်းအနားတို့ဖြစ်ကြပါသည်။

RR/CC သည် အသိုင်းအဝိုင်း အခြေပြုအဖွဲ့အစည်းများသို့ မဲပေးမှတ်ပုံတင် လေ့ကျင့်မှုကိုလည်း ထောက်ပံ့ ပေးထားပြီး ၎င်းတို့ကိုယ်တိုင်ကွင်းဆင်းခြင်းကို ဆောင်ရွက်နိုင်ရန်နှင့် မဲဆန္ဒရှင်များကို တိုက်ရိုက် ကူညီနိုင်ရန် ကူညီပံ့ပိုးမှုလည်း ပေးထားသည်။ အဆိုပါ ပေါင်းစပ်ထားသော ကြိုးပမ်းအားထုတ်မှုများသည် မဲဆန္ဒရှင် များအား ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ရေးနှင့် ရည်ရွယ်ထားသည့် အသိုင်းအဝိုင်းများဖြင့် ပေါင်းစပ်ထားသော ဗျူဟာဖြစ်သည်။ ၎င်းအပြင် မဲဆန္ဒရှင်တိုင်း ပြီးမြောက်အောင်မြင်စွာ မှတ်ပုံတင်နိုင်ရေးတို့ကို  အထောက် အကူပြုပေးထားကြောင်းသေချာစေပြီး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ယုံကြည်မှုရှိရှိ ပါဝင်နိုင်ရန် ကိရိယာများ၊ အရင်းအမြစ်များတို့နှင့်အတူ ကူညီပံ့ပိုးပေးထားပါသည်။

## 1-C. လူထု ပါဝင်ပတ်သက်မှု၊ ပြည်သူ့ပညာရေး၊ ကွင်းဆင်းခြင်းနှင့် မီဒီယာ ဘတ်ဂျက်

2025 ခုနှစ်၊ ဇူလိုင်လမှ 2026 ခုနှစ် ဇွန်လအထိ ဘဏ္ဍာရေးနှစ် 25-26 အတွက် RR/CC ၏ မီဒီယာနှင့် ကွင်းဆင်းမှု ဘတ်ဂျက်သည် ဒေါ်လာ 4.125 သန်းဖြစ်သည်။ ဤရာထားမှုသည် 2026 ခုနှစ်၊ ဇွန်လ 2 ရက်၊ ပြည်နယ်တစ်ဝန်း တိုက်ရိုက် အကြိုရွေးကောက်ပွဲတွင် စီမံခန့်ခွဲရေးအား ထောက်ပံ့ပေးသည့်အပြင်၊ 2026 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်၊ အထွေထွေ ရွေးကောက်ပွဲသို့ ဦးတည်သော အစောပိုင်း ကွင်းဆင်းရေး ကြိုးပမ်းအားထုတ်မှုများအတွက် ရန်ပုံငွေများအဖြစ် ချထားပေးသည်။ အဆိုပါ အရင်းအမြစ်များကို ကောင်တီမဲဆန္ဒရှင်များနှင့် နေထိုင်သူများအားလုံးအပေါ် ၎င်းတို့၏ မဲပေးခွင့်၊ လက်လှမ်းမီပါဝင် အသုံးပြုနိုင်သော မဲပေးရွေးချယ်မှုများနှင့် ရွေးကောက်ပွဲ အရင်းအမြစ် အပြည့်အစုံတို့ကို အသိပေးရာတွင် သေချာစေရန် ရည်ရွယ်ထားပြီး ကြီးမားသောအတိုင်းအတာဖြင့် ဘာသာစကားအမျိုးမျိုးနှင့် ယဉ်ကျေးမှုပေါင်းစုံသော မဲဆန္ဒရှင်ပညာရေး လှုပ်ရှားမှုတစ်ခုကို ပေးပို့ရန် တာဝန်ယူဖော်ချထားလိမ့်မည်။

| ဇယား ၁-ဘဏ္ဍာရေးနှစ်များအတွက် သုံးစွဲမှု နှိုင်းယှဉ်ချက် | | | | | | |
|---|---|---|---|---|---|---|
| | မီဒီယာ | | | ကွင်းဆင်းခြင်း | | |
| ဘဏ္ဍာနှစ် | ဘတ်ဂျက် | ကုန်ကျစရိတ် | ကွဲပြားခြားနားမှု | ဘတ်ဂျက် | ကုန်ကျစရိတ် | ကွဲပြားခြားနားမှု |
| ဘဏ္ဍာနှစ် 22-23 | 1,400,000 | 1,400,000 | 0 | 2,025,000 | 2,022,623 | 2,377 |
| ဘဏ္ဍာနှစ် 23-24 | 1,500,000 | 1,500,000 | 0 | 2,025,000 | 2,024,513 | 487 |
| ဘဏ္ဍာနှစ် 24-25 | 2,000,000 | 2,266,600 | -266,600 | 2,125,000 | 2,710,767 | -585,767 |
| ဘဏ္ဍာနှစ် 25-26 | 2,000,000 | 0 | 2,000,000 | 2,125,000 | 0 | 2,125,000 |

## 1-D. ဘာသာစကား အသုံးပြုခွင့်

Los Angeles ကောင်တီသည် တစ်နိုင်ငံလုံးတွင် လူဦးရေအများဆုံး ဒေသခံ ရွေးကောက်ပွဲ စီရင်ပိုင်ခွင့်ရဒေသဖြစ်ရုံတင်မက၊ ၎င်းသည် လူမျိုးစုံလင်မှု အများဆုံးထဲမှ တစ်ခုလည်းဖြစ်သည်။ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားမှုသည် ကောင်တီ၏ ထူးခြားထင်ရှားသော လက္ခဏာများထဲမှ တစ်ခုဖြစ်သည့်အပြင် ရှင်သန်တက်ကြွမှု အပြည့်ရှိပြီး အမျိုးစားစုံလင်သော မဲဆန္ဒရှင်တစ်ဦးကို ဖန်တီးလိုက်သည်။ ကျွန်ုပ်တို့၏ ဘာသာစကား လူနည်းစု အသိုင်းအဝိုင်းအား ပွင့်လင်းပြီး ပါဝင်နိုင်သော လုပ်ငန်းစဉ်တစ်ခုကို ထောက်ပံ့အားပေးရန်အတွက် RR/CC သည် ဘာသာပြန်ထားသော အချက်အလက်များနှင့် ပြီးပြည့်စုံသော ဘာသာစကားအထောက်အပံ့များဖြင့် ပံ့ပိုးပေးထားသည်။ အင်္ဂလိပ်ဘာသာစကားအပြင်၊ ကောင်တီသည် မဲဆန္ဒရှင်များအား အောက်ပါ ဘာသာစကားများကို ဘာသာစကား အကူအညီဖြင့် ကမ်းလှမ်းထောက်ပံ့ပေးထားသည်-

- Armenian (ՀԱՅԵՐԵՆ)
- Bengali (বাংলা)
- Burmese (မြန်မာစာ)
- Chinese (中文)
- Farsi ( فارسی)
- Filipino/ Tagalog (Filipino/Tagalog)
- Gujarati (ગુજરાતી)
- Hindi (हिन्दी)
- Indonesian (Bahasa Indonesia)
- Japanese (日本語)
- Khmer/ Cambodian (ខ្មែរ/កម្ពុជា)
- Korea (한국어)
- Mongolian (Монгол)
- Russian (Русский)
- Spanish (Español)
- Telugu (తెలుగు)
- Thai (ภาษาไทย)
- Vietnamese (Tiếng Việt)

ကောင်တီသည် မဲစင်တာများတွင် အမေရိကန် လက်ဟန်ပြဘာသာစကားဖြင့် အကူအညီရယူနိုင်ရန်လည်း ပံ့ပိုးပေးထားသည်။ နောက်ထပ်အချက်အလက်များကို မသန်စွမ်းများ အသုံးပြုဝင်ရောက်ခွင့်ကဏ္ဍတွင် တွေ့ရှိနိုင်ပါသည်။

ကောင်တီသည် ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်ဆောင်ရွက်သောနည်းဖြင့် ဖက်ဒရယ်နှင့် ပြည်နယ်ဘာသာစကား တောင်းဆိုချက်များကို လိုက်နာပြီး မဲဆန္ဒရှင်အားလုံးအတွက် တရားမျှတမှု၊ လက်လှမ်းမီဝင်ရောက် အသုံးပြုနိုင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ဖြစ်ကြသော ရွေးကောက်ပွဲ ဝန်ဆောင်မှုများ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ခံကတိပြုထားသည်။














Los Angeles County
Registrar-Recorder/County Clerk

LANGUAGE REQUEST FORM

To continue receiving your ballot and election materials in English, no action is needed.

To change your language preference, mark the form below and drop this card in the mail.

First name, Middle name, and Last name

999999999

Please send me a ballot in the language I have checked below:

- ☐ Spanish (Español)
- ☐ Chinese (中文)
- ☐ Korean (한국어)
- ☐ Japanese (日本語)
- ☐ Russian (Русский)
- ☐ Hindi (हिन्दी)
- ☐ Gujarati (ગુજરાતી)
- ☐ Bengali (বাংলা)
- ☐ Khmer (ភាសាខ្មែរ)
- ☐ Tagalog (Tagalog)
- ☐ Vietnamese (Tiếng Việt)
- ☐ Indonesian (Bahasa Indonesia)
- ☐ Farsi (فارسی)
- ☐ Thai (ภาษาไทย)
- ☐ Mongolian (монгол)
- ☐ Armenian (հայերեն)
- ☐ Telugu (తెలుగు)
- ☐ Burmese (မြန်မာစာ)

Visit LAVOTE.GOV or call (800) 815-2666, option 3 for more information.

## အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အကန့်အသတ်ရှိသော (LEP) မဲဆန္ဒရှင်များကို ခွဲခြားသိမြင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

လူတစ်ဦးသည် မဲပေးရန် မှတ်ပုံတင်သောအခါ ၎င်းတို့သည် အခြားဘာသာစကားဖြင့် ဘာသာပြန်ထားသော ရွေးကောက်ပွဲ ပစ္စည်းများကို တောင်းဆိုနိုင်သည်။ ဤတောင်းဆိုချက်ကို ပြုလုပ်သော မည်သည့် မဲဆန္ဒရှင်မဆို ဘာသာပြန်ထားသော နမူနာမဲတစ်ခုနှင့် ၎င်းတို့ နှစ်သက်ရာ ဘာသာစကားဖြင့် ရွေးကောက်ပွဲ ပစ္စည်းများ အားလုံးကို အလိုအလျောက် လက်ခံရရှိလိမ့်မည်ဖြစ်သည်။ 2020၊ 2022 နှင့် 2024 ခုနှစ်တို့တွင် RR/CC သည် မဲပေးရန် ရွေးချယ်စရာများကို မဲဆန္ဒရှင်တို့အား အသိပေးခဲ့ပြီး၊ ၎င်းတို့ထံ မဲဆန္ဒရှင်ပညာရေးစာများကို စာတိုက်မှတဆင့် ပေးပို့ခဲ့သည်။ အဆိုပါ စာတိုက်မှပေးပို့သည့်စာများတွင် မဲဆန္ဒရှင်များအတွက် ၎င်းတို့ နှစ်သက်သော ဘာသာစကားကို အသစ်တစ်ဖန်ပြုပြင်ရန်နှင့် ဘာသာပြန်ထားသော ရွေးကောက်ပွဲ ပစ္စည်းများကို လက်ခံချင်ပါက စာပို့ခပေးဆောင်ပြီးသားဖြစ်သည့် တောင်းဆိုချက် ဖောင်ပုံစံတစ်ခုကို ဖြည့်စွက်ပြီး ပြန်လည်ပေးပို့နိုင်ပါသည်။ 2024 ခုနှစ် နိုဝင်ဘာလတွင် RR/CC သည် အသစ်မှတ်ပုံတင်သူများကို ထပ်မံ၍ အာရုံစိုက်မှု ပြုခဲ့သည်။ 2020 ခုနှစ်မှ ယနေ့အထိ မဲဆန္ဒရှင်ပေါင်း 100,000 နီးပါးသည် ဘာသာပြန်ထားသော မဲပေးပစ္စည်းများကို တောင်းဆိုခဲ့သည်။

RR/CC တွင် မဲဆန္ဒရှင်များအတွက် ဘာသာပြန်ထားသော ရွေးကောက်ပွဲပစ္စည်းများ သို့မဟုတ် မဲစင်တာနေရာများနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ ဘာသာစကားနှစ်မျိုးပါသော မဲဆန္ဒရှင်မှတ်ပုံတင်ကတ်များ၊ စာတိုက်မှမဲပေးခြင်း လျှောက်လွှာများနှင့် နမူနာမဲ စာအုပ်များကို တောင်းဆိုရန်အတွက် ဘာသာစကား အမျိုးမျိုးဖြင့် အကူအညီပေးသော ဟော့လိုင်းတစ်ခုလည်းပါရှိသည်။ ၎င်း ဟော့လိုင်းသည် RR/CC ၏ ဘာသာစကားအသုံးပြုခွင့် အသင်းမှခန့်ထားသော ဝန်ထမ်းများဖြစ်ပြီး မဲပေးကာလတစ်လျှောက်လုံးတွင် ဘာသာစကား 18 မျိုးဖြင့် လိုအပ်သော ဘာသာစကားများကို အကူအညီပေးနိုင်ရန် အချိန်နှင့်တပြေးညီ ဘာသာစကားနှစ်မျိုးပြောသော ကူညီမှုပုံစံဖြင့် ပံ့ပိုးပေးထားပါသည်။ မဲဆန္ဒရှင်များသည် အထွေထွေဖုန်းနံပါတ် 1 (800) 815-2666 ကိုနှိပ်ပြီး လိုင်းခွဲ 3 ကို ရွေးချယ်ကာ ဘာသာစကားအမျိုးမျိုး ဟော့လိုင်းသို့ ဆက်သွယ်နိုင်ပါသည်။

RR/CC သည် မဲဆန္ဒရှင်များအား ဘာသာစကားတစ်ခုစီအတွက် လိုအပ်သော ဘာသာစကားဖြင့် ဝန်ဆောင်မှု ရရှိနိုင်အောင် ဖုန်းခေါ်ဆိုမှုတစ်လျှောက် တိုက်ရိုက်လိုင်းများဖြင့်ခေါ်ယူနိုင်ရန် စမ်းသပ်အသုံးပြုနေပြီဖြစ်သည်။ တိုက်ရိုက်လိုင်းများသည် စောင့်ဆိုင်းချိန်နှင့် ဖုန်းလိုင်းကျသွားမှုတို့ကို လျှော့ချပေးပြီး မဲဆန္ဒရှင်များအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှု ရရှိစေရန် သေချာစေသည်။

| ဘာသာစကား | တိုက်ရိုက်နံပါတ် | ဘာသာစကား | တိုက်ရိုက်နံပါတ် |
|---|---|---|---|
| Armenian/ Հայերեն | 213-358-2712 | Japanese/日本語 | 213-358-2733 |
| Bengali/ বাংলা | 213-374-3652 | Khmer/Cambodian/ខ្មែរ/កម្ពុជា | 213-358-2734 |
| Burmese/မြန်မာစာ | 213-374-3655 | Korean/한국어 | 213-358-2738 |
| Chinese Cantonese/ 廣東話 | 213-358-2713 | Mongolian/Монгол | 213-374-3767 |
| Chinese Mandarin/ 國語 | 213-358-2714 | Russian/Русский | 213-358-2765 |
| Farsi/فارسی | 213-358-2721 | Spanish/Español | 213-358-2770 |
| Filipino/Tagalog | 213-358-2701 | Telugu/తెలుగు | 213-374-3861 |
| Gujarati/ગુજરાતી | 213-374-3667 | Thai/ภาษาไทย | 213-358-2202 |
| Hindi/ हिन्दी | 213-358-2732 | Vietnamese/Tiếng Việt | 213-358-2206 |
| Indonesian/Bahasa Indonesia | 213-374-3694 | | |

RR/CC သည် ကျယ်ကျယ်ပြန့်ပြန့် ပစ်မှတ်ထားသော အချက်အလက် စနစ်တစ်ခုကို တည်ထောင်ထားပြီး အမေရိကန် ပြည်ထောင်စု သန်းခေါင်စာရင်း၊ အမေရိကန် အသိုင်းအဝိုင်း စစ်တမ်း၊ မဲဆန္ဒရှင် မှတ်ပုံတင် လျှောက်လွှာများနှင့် အသိုင်းအဝိုင်း အုပ်စုများမှ ဘာသာစကား အကူအညီ တောင်းဆိုချက်များ အပါအဝင်၊ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် ဘာသာစကား အကူအညီ တောင်းဆိုချက်များအစရှိသည်တို့ကို ပေါင်းစပ်ထားကြသည်။




ပုံ 2- LA ကောင်တီရှိ ပထဝီမြေအနေထား heat map ခေါ် သိပ်သည်းဆပြမြေပုံဖြစ်သည့် ပေါင်းစပ်ထားသော လူဦးရေဆိုင်ရာနှင့် ဘာသာစကားမျိုးစုံဆိုင်ရာ အချက်အလက်။

ဤအချက်အလက်များအား အသုံးပြု၍ RR/CC သည် ဖော်ပြထားသော ဘာသာစကား အကူအညီ လိုအပ်ချက်များအပေါ် အခြေခံ၍ မဲပေးစင်တာများတွင် ဘာသာစကား အမျိုးမျိုးပြောဆိုသော ဝန်ထမ်းများအား ဦးစားပေးသည့် အစီရင်ခံစာများ ထုတ်လုပ်ထားသည်။ လက်ရှိအချက်အလက်များက မဲစင်တာတိုင်းရှိ စပိန်ဘာသာစကားပြော ရွေးကောက်ပွဲ အလုပ်သမားများ ခန့်အပ်ခြင်းကို ထောက်ပံ့ပေးသည်။

ဘာသာစကားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် RR/CC သည် လူစုဆောင်းရေးနည်းဗျူဟာများနှင့် ကိရိယာများကို ဆက်လက်၍ကောင်းမွန်အောင် ပြုလုပ်ပေးထားသည်။ မကြာသေးမီက RR/CC သည် ဘာသာစကားအမျိုးမျိုးတတ်သော ရွေးကောက်ပွဲလုပ်သား စုဆောင်းရေးကိရိယာကို တီထွင်ခဲ့ပြီး၊ ၎င်းတွင် အပြန်အလှန်တုံ့ပြန်မှုပြုခြင်း၊ ဘာသာစကားနှင့် အခြားအချက်အလက်များတို့ဖြင့် စစ်ထုတ်နိုင်သော မြေပုံများကို ထောက်ပံ့ပေးသော ဒရှ်ဘုတ်အတွဲတစ်ခုဖြင့် ဒေသခံဝန်ထမ်းလိုအပ်ချက်များကို အလွယ်တကူ ခွဲခြားသိမြင်ရန်နှင့် ဆက်သွယ်ရေး ပိုမိုလွယ်ကူစေသည့် မြင်နိုင်၊ မျှဝေနိုင်သော အရင်းအမြစ်တစ်ခုကို ဖန်တီးခဲ့သည်။




RR/CC သည် မဲပေးစင်တာများတွင် ဘာသာစကား အကူအညီနှင့် ဆက်သွယ်ရေးကို အားဖြည့်ရန် အဆင့်မြင့် ဘာသာပြန် နည်းပညာ အသုံးပြုမှုကိုလည်း အကဲဖြတ်သုံးသပ်နေသည်။ 2024 ခုနှစ်၊ နိုဝင်ဘာလ အထွေထွေ ရွေးကောက်ပွဲအတွက် RR/CC သည် ဘာသာစကား 84 ခုကျော်ဖြင့် အချိန်နှင့်တပြေးညီ ဘာသာပြန်မှုများကို ထောက်ပံ့ပေးသော ကိရိယာတစ်ခုဖြစ်သည့် PockeTalk အသံဖြင့် ဘာသာပြန် ကိရိယာကို စမ်းသပ်ခဲ့သည်။ အဆိုပါ စမ်းသပ်မှုကို မဲဆန္ဒရှင်အတွေ့အကြုံ၊ ဘာသာပြန် တိကျမှု၊ အင်တာနက်ချိတ်ဆက်ရေး အဆင်သင့် ဖြစ်မှု၊ ဖြန့်ကျက်ထားခြင်း လိုအပ်ချက်များ၊ ဖြစ်နိုင်ခြေများနှင့် အကျိုးသက်ရောက်မှုတို့ကို အကဲဖြတ်ရန် မဲစင်တာ 10 ခုတွင် ဆောင်ရွက်ခဲ့သည်။ RR/CC သည် ယခုအခါတွင် ပိုမိုကြီးမားသော အတိုင်းအတာတစ်ခု အနေဖြင့် ဤနည်းပညာအပေါ် တိုးချဲ့ခြင်း၏ ဖြစ်နိုင်ခြေများအား အကဲဖြတ်ရန် ထပ်ဆင့် စမ်းသပ်မှုများ ပြုလုပ်နေသည်။

## 1-E. မသန်စွမ်း အသုံးပြုခွင့်

RR/CC သည် ရွေးကောက်ပွဲများကို အပြည့်အဝ အသုံးပြုနိုင်ရန် သေချာစေကြောင်း ကတိပြုထားပြီး မဲစင်တာများအား အလွယ်တကူဝင်ရောက်အသုံးပြုနိုင်ခြင်း၊ စစ်တမ်းကောက်ခံခြင်း၊ ဝန်ထမ်းစုဆောင်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်းနှင့် ထိန်းသိမ်းခြင်းစသည့် အရေးပါသော ခြေလှမ်းများကို ဆက်လက်လုပ်ဆောင်နေသည်။ မဲစင်တာပုံစံကို ဒီဇိုင်းရေးဆွဲရန် ချိန်ဆမှုတွင် မသန်စွမ်း မဲဆန္ဒရှင်များ ပိုမိုများပြားသည့် ရပ်ကွက်အနီးတွင် မသန်စွမ်း မဲဆန္ဒရှင်များ အလွယ်တကူဝင်ရောက်နိုင်သည့် မဲပေးနေရာများကို ဦးစားပေးထားခဲ့သည်။

မဲစင်တာများအဖြစ် အသုံးပြုရန် အဆောက်အအုံများကို အကဲဖြတ်သောအခါ နေရာများသည် အခြားသော မသန်စွမ်းများ လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်သော စံနှုန်းများအပြင် မသန်စွမ်းများ အလွယ်တကူ ဝင်ရောက်နိုင်အသုံးပြုနိုင်သော ယာဉ်ရပ်နားမှု လိုအပ်ချက်များကိုပါ ဖြည့်ဆည်းရမည်။ RR/CC သည် ၎င်း၏ မိုဘိုင်း မဲပေးခြင်းအစီအစဉ်မှတစ်ဆင့် လက်လှမ်းမီဝင်ရောက်အသုံးပြုခွင့်ကိုလည်း အဆင့်မြှင့်ထားပြီး အစဉ်အလာ အဆောက်အအုံများ၌ ကန့်သတ်မှုရှိနိုင်သည့် ရပ်ကွက်များတွင် တစ်ရက်တာ မဲပေးသည့် နေရာများကို ဖြန့်ကျက်ချထားပေးသည်။ ဤမိုဘိုင်းနေရာများသည် မသန်စွမ်းမဲဆန္ဒရှင်များ၊ ကျေးလက်ဒေသ၌ နေထိုင်သူများနှင့် အခြားသူများအပါအဝင် စံနှုန်းမီ မဲစင်တာများသို့ သွားရန် အဟန့်အတားများဖြင့် ရင်ဆိုင်ရသူများအား မဲပေးရာတွင် အလွယ်တကူ ဝင်ရောက်ပါဝင်နိုင်ရေးအတွက် မဲပေးခြင်း အခွင့်အရေးများကိုလည်း တိုးချဲ့ထားသည်။

နားမကြားသူ သို့မဟုတ် အကြားအာရုံချို့ယွင်းသော မဲဆန္ဒရှင်များအတွက် မဲစင်တာတည်နေရာ အားလုံးတွင် အမေရိကန်လက်ဟန်ပြဘာသာစကား (ASL) ဗွီဒီယိုစကားပြန်ဝန်ဆောင်မှုများကို အချိန်မရွေး အသုံးပြုနိုင်ရန် ကမ်းလှမ်းပေးထားပါသည်။ ဤဝန်ဆောင်မှုများကို ရွေးကောက်ပွဲ ဝန်ထမ်းများ အသုံးပြုသည့် မိုဘိုင်းစက်ပစ္စည်းများမှတဆင့် လက်လှမ်းမီ ဝင်ရောက်အသုံးပြုနိုင်ပြီး၊ ဘာသာစကား အသုံးပြုခွင့် ဖြေရှင်းချက်များ၌ အထူးပြုထားသော ယုံကြည်စိတ်ချရသည့် ကုန်သည်မှတဆင့် ASL စကားပြန်များကို အချိန်နှင့်တပြေးညီ ဆက်သွယ်နိုင်စေရန် ခွင့်ပြုပေးထားပါသည်။



RR/CC သည် မဲဆန္ဒရှင်ကွင်းဆင်းရေး ကော်မတီ(CVOC) နှင့် မဲပေးခွင့် လွယ်ကူရေး အကြံပေး ကော်မတီ (VAAC) မှတစ်ဆင့် ၎င်းတို့၏ အသိုင်းအဝိုင်းနှင့် အပြန်အလှန်ဆက်သွယ်ပြီး ပူးပေါင်းပါဝင်မှုများ ပြုကြသည်။ 2006 ခုနှစ်တွင် ဖန်တီးခဲ့သော VAAC သည် လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်မှုနှင့် ပါဝင်နိုင်မှုတို့ကို တိုးတက်စေသည့် ဆန်းသစ်သော နည်းဗျူဟာများအပေါ် RR/CC အား လမ်းညွှန်ပေးခဲ့သည်။ VAAC သည် မိုဘိုင်း မဲပေး အစီအစဉ်အပေါ် အကြံပြုချက်များပေးခြင်းနှင့် အကျိုးကျေးဇူး အများဆုံး ရရှိမည့် လူ့အဖွဲ့အစည်းများကို ခွဲခြားသိမြင်ရာတွင် ပံ့ပိုးမှုများပေးထားခြင်းအပါအဝင်၊ ရွေးကောက်ပွဲ မတိုင်မီ စီမံကိန်းနှင့် ရွေးကောက်ပွဲ ပြီးနောက် ပြန်လည်သုံးသပ်ခြင်း လုပ်ရှားမှုနှစ်ရပ်စလုံးတို့ကို အကြံပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍ တစ်ခုမှ ပါဝင်သည်။

### i. လူအားလုံးအတွက် မဲပေးနိုင်သော နည်းလမ်းများ (VSAP) တွင် မသန်စွမ်းမဲဆန္ဒရှင်များအား အလွယ်တကူ ပါဝင်နိုင်ရေးကို ဒီဇိုင်းဆွဲ ဦးစားပေးထည့်သွင်းထားမှု

ကောင်တီ၏ မဲပေးလွှာ အမှတ်အသားပြုလုပ်သည့် ကိရိယာများ၊ အပြန်အလှန်အကျိုးပြုသော နမူနာမဲများ၊ စာတိုက်မှမဲပေးခြင်းနှင့် အဝေးမှအသုံးပြုနိုင်သော စာတိုက်မှမဲပေးခြင်းအစရှိသည်တို့ကို မသန်စွမ်းမဲဆန္ဒရှင်များအား အသုံးပြုခွင့်နှင့် အဆင်ပြေမှုများကို ထပ်မံ၍ထောက်ပံ့ပေးထားသည်။ ဤကိရိယာများကို VSAP ပုံစံ၏ အဓိက အစိတ်အပိုင်းများအဖြစ် ပြုလုပ်ထားပြီး လူသားအခြေပြု ဒီဇိုင်းလုပ်ငန်းစဉ်၊ ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ဖန်တီးဖော်ဆောင်ခဲ့သည်။ ဤလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့် RR/CC သည် မဲဆန္ဒရှင်များ၊ ရွေးကောက်ပွဲ လုပ်သားများ၊ လူထု အဖွဲ့အစည်းများ၊ ဒေသခံ သက်ဆိုင်သူများနှင့် ကျွမ်းကျင်သူများသည် အသုံးပြုသူစမ်းသပ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး မသန်စွမ်းမဲဆန္ဒရှင်များ အလွယ်တကူဝင်ရောက်အသုံးပြုနိုင်မှု၊ အသုံးပြု လွယ်ကူမှုတို့အပြင် နည်းပညာနှင့် လုံခြုံရေးတို့ကိုပါ ထည့်သွင်းစဉ်းစားထားပြီး ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့ပါသည်။ ဤကိရိယာများကို အောက်ပါ အဓိကမူ 14 ခုဖြင့်အခြေခံပြီး ဒီဇိုင်းဆွဲထားပါသည်။ ဤမူများမှာ -

1. ပွင့်လင်းမြင်သာမှု
2. မဲရွေးချယ်မှုများ ထောက်ပံ့မှု စွမ်းရည်
3. ပုဂ္ဂိုလ်ရေးအချက်လက်များ ထိန်းသိမ်းမှု
4. အသုံးပြုရလွယ်ကူမှုနှင့် မသန်စွမ်းများ အလွယ်တကူဝင်ရောက်အသုံးပြုနိုင်မှု
5. ယုံကြည်စိတ်ချရမှု
6. သမာသမတ်ရှိမှု
7. လုံခြုံမှု
8. ကုန်ကျစရိတ် သက်သာမှု
9. တိုးချဲ့နိုင်စွမ်း
10. လိုက်လျောညီထွေရှိမှု
11. တပ်ဆင်ရလွယ်ကူမှု
12. အနည်းဆုံး စွမ်းအင်လိုအပ်ချက်
13. အနည်းဆုံး ပရိုဂရမ်ဖြင့်တပ်ဆင်ထားမှု
14. သယ်ယူရလွယ်ကူမှု




**မဲပေးလွှာ အမှတ်အသားပြုလုပ်သည့် ကိရိယာ (BMD) သည်** VSAPပုံစံ၏ အဓိက အစိတ်အပိုင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် တစ်ခုတည်းသော ပြည်သူပိုင်မဲပေးခြင်းစနစ်အဖြစ် တည်ရှိနေသည်။ Los

Angeles ကောင်တီရှိ မဲဆန္ဒရှင်များသည် မည်သည့် မဲစင်တာ သို့မဟုတ် မည်သည့်မိုဘိုင်း မဲပေးခြင်းတပ်ဆင်မှုတွင် ကိုယ်တိုင်မဲပေးသောအခါ BMD ကို အသုံးပြုနိုင်သည်။ ကိရိယာတစ်ခုစီသည် မဲဆန္ဒရှင်များ၏ အတွေ့အကြုံကို စိတ်ကြိုက် ပြုလုပ်ရန် ခွင့်ပြုထားသည်။ BMD တစ်ခုစီတွင် လုံလောက်သော နေရာရှိပြီး၊ ဘီးတပ်ကုလားထိုင် သို့မဟုတ် လမ်းလျှောက်ကိရိယာဖြင့်အသုံးပြုသော မဲဆန္ဒရှင်များအတွက် အဆင်ပြေပြေ အသုံးပြုနိုင်စေသည့်အပြင် ထိနိုပ်ဖန်သားပြင်ကို မဲဆန္ဒရှင်များ၏ ထိုင်လျက် သို့မဟုတ် ရပ်လျက်စသည့် ကိုယ်အနေအထားအတိုင်း ချိန်ညှိနိုင်သည်။ ထိနိုပ်ဖန်သားပြင်တစ်ခုကို အသုံးပြုရန် မတတ်နိုင် သို့မဟုတ် အခက်အခဲရှိသူများအတွက် BMD တွင် မဲကို ရှာဖွေကြည့်ရှုရန်နှင့် ရွေးချယ်မှုများ ပြုလုပ်ရန် ထိတွေ့ခံစားနိုင်သော ကီးပတ်ခလုတ်တစ်ခု ပါရှိသည်။ မဲဆန္ဒရှင်များသည် ရှုမြင်မှုအတွက် စာလုံးအရွယ်အစား၊ အရောင်နှင့် အလင်းအမှောင်တို့ကိုလည်း ချိန်နိုင်ပြီး၊ ကိရိယာတစ်ခုစီတွင် အမြန်နှုန်းနှင့် အသံအတိုးအကျယ်တို့ကိုပါ ချိန်နိုင်ပြီး မဲဆန္ဒရှင်များ နားထောင်နိုင်ရန်အတွက် နားကြပ်တစ်ခုလည်း ပါဝင်သည်။ ထိနိုပ်ဖန်သားပြင် စာသားနှင့် အသံ နှစ်ခုစလုံးကို အင်္ဂလိပ်ဘာသာစကားအပြင် နောက်ထပ် ဘာသာစကား 18 မျိုးဖြင့် ရရှိနိုင်ပါသည်။

**အပြန်အလှန်အကျိုးပြု နမူနာမဲသည်** လွယ်ကူသော ဝက်ဘ်-ဘေ့စ်အပ္ပလီကေးရှင်း (အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုသော ဆော့ဖ်ဝဲလ်) တစ်ခုဖြစ်ပြီး မဲဆန္ဒရှင်များအား ၎င်းတို့၏နမူနာမဲကို အမှတ်အသား ပြုရန်နှင့် မိုဘိုင်းကိရိယာတစ်ခုပေါ်သို့ ကူးယူနိုင် သို့မဟုတ် ပုံနှိပ်နိုင်သော မဲပေးခွင့်ကတ်တစ်ခုကို ဖန်တီးနိုင်သည်။ မဲပေးခွင့်ကတ်သည် လူကိုယ်တိုင်မဲပေးခြင်း အတွေ့အကြုံအား မြန်ဆန်စေသည့်အပြင် မဲဆန္ဒရှင်များအား ၎င်းတို့၏ ရွေးချယ်မှုများကို BMD သို့ လျင်မြန်စွာ လွှဲပြောင်းရန် ခွင့်ပြုထားပြီး၊ မဲဆန္ဒရှင်များ၏ ရွေးချယ်မှုများအား အတည်ပြုရန် သို့မဟုတ် ပြုပြင်ရန်စသော ဆောက်ရွက်ချက်များကို လုပ်ဆောင်နိုင်သည့်အပြင် ၎င်းတို့၏ မဲပေးလွှာစာရွက်ထည့်ခြင်း ပြီးမြောက်သည့် လုပ်ငန်းစဉ်လည်းဖြစ်သည်။ အဆိုပါ အပြန်အလှန်အကျိုးပြု နမူနာမဲသည် နည်းပညာအထောက်အကူဖြင့် အသုံးပြုထားသည့်အပြင် အရည်အချင်း ပြည့်မီသော ဘာသာစကားများအားလုံးဖြင့် ရရှိနိုင်ပါသည်။







**စာတိုက်မှမဲပေးခြင်း (VBM)ကို** နှစ်သက်သော မဲဆန္ဒရှင်များအတွက် ကောင်တီ၏ VBM မဲပေးလွှာနှင့် ပြန်ပို့စာအိတ်ကို အလွယ်တကူအသုံးပြုနိုင်စေရန် ဒီဇိုင်းဆွဲခဲ့သည်။ မဲပေးလွှာကိုယ်၌တွင် ရှင်းလင်းသော ပုံစံ၊

စာလုံးအရွယ်အစားနှင့် မဲဆန္ဒရှင်အားလုံးအတွက် ရွေးချယ်မှုများကို ကြည့်ရှုခြင်းနှင့် အမှတ်အသားပြုခြင်း စသည်တို့ကို ပိုမိုလွယ်ကူ တိုက်ရိုက်ခံစားသိနိုင်သော ဒီဇိုင်းအစိတ်အပိုင်းများ ပါဝင်သည်။ ပြန်ပို့စာအိတ်တွင် မသန်စွမ်းမဲဆန္ဒရှင်များ လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်အောင် လမ်းညွှန်ထားပြီး  လက်မှတ်လိုင်းနှင့် အညီရှိသောနေရာများတွင် ထိတွေ့ခံစားနိုင်သော အမှတ်အသားများ သို့မဟုတ် အပေါက်များနှင့်အတူ အမြင်အာရုံချို့ယွင်းမှုရှိသော မဲဆန္ဒရှင်များအား လက်မှတ်ထိုးရန်အတွက် မှန်ကန်သော နေရာအား ပိုမိုလွယ်ကူစွာ ရှာဖွေနိုင်ရန် ခွင့်ပြုပေးထားသည်။ ထို့အပြင် RR/CC သည် RR/CC ၏ ဝက်ဘ်ဆိုက်ပေါ်တွင် ရှိသော ဝက်ဘ်-ဘေ့စ်အပ္ပလီကေးရှင်းတစ်ခုကို **အဝေးမှအသုံးပြုနိုင်သော စာတိုက်မှမဲပေးခြင်း**အား ကမ်းလှမ်းပေးထားသည်။ အဝေးမှအသုံးပြုနိုင်သော စာတိုက်မှမဲပေးခြင်းသည် မဲဆန္ဒရှင်များအား ၎င်းတို့၏ မဲပေးလွှာများကို ဖန်သားပြင်ပေါ်တွင် ဖတ်ရှုနိုင်သော ပုံစံတစ်ခုအဖြစ် အသုံးပြုရန် ခွင့်ပြုထားပြီး ၎င်းတို့၏ ရွေးချယ်မှုများကို ဖတ်ရှု၍ အမှတ်အသားပြုရန် အထောက်အကူပြုနည်းပညာများဖြင့် အသုံးပြုနိုင်သည့် အပြင် မဲစင်တာတစ်ခု သို့မဟုတ် မဲပေးလွှာထည့်ပုံးတစ်ခုတွင် မဲပေးလွှာကို စာတိုက်မှတဆင့် ပုံနှိပ်ပြီး ပြန်ပို့ရန် ခွင့်ပြုထားသည်။

2024 ခုနှစ်တွင် RR/CC သည် နည်းပညာဆိုင်ရာ ဖြေရှင်းချက် အသစ်တစ်ခုကိုလည်း အကောင်အထည်ဖော်ခဲ့ ပြီး၊ မဲဆန္ဒရှင်များကို ဆဲလ်ဖုန်းနှင့် တက်ဘလက်ကဲ့သို့  ထိနှိပ်ဖန်သားပြင် ကိရိယာများကို အသုံးပြုနိုင်စေပြီး၊ မကိုက်ညီသော သို့မဟုတ် ပျောက်ဆုံးနေသော လက်မှတ်ကို ခွဲခြားသတ်မှတ်နိုင်သော မဲပေးလွှာများအား ပြန်လည်ပြုပြင်ရန် ၎င်းကိရိယာများပေါ်တွင် အထောက်အကူပြုနည်းပညာဖြင့် ပံ့ပိုးပေးခဲ့သည်။ ဤကိရိယာကို လာမည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များအား ဆက်လက် ထောက်ပံ့ပေးသွားလိမ့်မည်။

ဤလူကိုယ်တိုင်နှင့် စာတိုက်မှမဲပေးခြင်း ရွေးချယ်မှုများတို့အား အတူပေါင်းစပ်ပြီး မဲဆန္ဒရှင်များအားလုံးကို လွတ်လပ်သော၊ သီးသန့်ဖြစ်သော၊ လုံခြုံသောအစရှိသည့် မဲပေး အတွေ့အကြုံတစ်ခုကို အသုံးပြုခွင့်ရှိကြောင်း သေချာစေပါသည်။

## အပိုင်း 2 - မဲစင်တာများနှင့် မဲပေးလွှာထည့်ပုံး တည်နေရာများ

မဲဆန္ဒရှင်များ ရွေးချယ်မှုဆိုင်ရာ အက်ဥပဒေသည် ကောင်တီများအား အဆင်ပြေလုံခြုံပြီး အလွယ်တကူ ဝင်ရောက်အသုံးပြုနိုင်သော မဲစင်တာများနှင့် မဲပေးလွှာထည့်ပုံးများကို တည်ဆောက်ရန် တောင်းဆိုမှု ပြုထားသည်။ နေရာရွေးချယ်မှု၊ ရက်အရေအတွက်နှင့် လုပ်ငန်းဆောင်ရွက်ချိန်များအတွက် အနည်းဆုံး စံနှုန်းများကို ဥပဒေမှ သတ်မှတ်ပေးထားသည်။ RR/CC သည် သုတေသနနှင့် ဆန်းစစ်မှုများကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပြီး အကောင်းဆုံး နေရာများကို ခွဲခြားသိမြင်ရန်နှင့် မဲဆန္ဒရှင်များကို ၎င်းတို့အား သတိပြုမိကြောင်း သေချာစေရန် ဘက်ပေါင်းစုံ ကွင်းဆင်းရေးတစ်ခုကို စတင်ဆောင်ရွက်သည်။ မဲစင်တာနှင့် မဲပေးလွှာထည့်ပုံး တည်နေရာများကို LAVOTE.GOV တွင် ရွေးကောက်ပွဲတိုင်းမတိုင်မီ ကြေညာခဲ့ပြီး ရွေးကောက်ပွဲ ပေးပို့စာများမှတစ်ဆင့် မဲဆန္ဒရှင်များထံသို့ တိုက်ရိုက်ပေးပို့ထားသည်။

## 2-A. မဲစင်တာများ

### i. မဲစင်တာနေရာ

အသင့်တော်ဆုံးဖြစ်နိုင်မည့် မဲစင်တာ တည်နေရာများကို ဆုံးဖြတ်ရာတွင် အားကောင်းမှုတစ်ခု လိုအပ်ပြီး အချက်အလက်ဖြင့်ရယူထားသော လုပ်ငန်းစဉ်တစ်ခုဖြင့် ပြည်နယ်နှင့် ဒေသခံ လိုအပ်ချက်များအလိုက် ဒေသခံ နေရာနှင့် လူမှုစီးပွားရေး အခြေအနေများတို့နှင့်အတူ ပေါင်းစပ်ထည့်သွင်းစဉ်းစားထားပြီး လူ့အပြုအမူများနှင့် ပုံစံများအား ကြိုတင် ခန့်မှန်းထားသည်။ RR/CC သည် အနည်းဆုံး VCA စံနှုန်းများထက် ကျော်လွန်သော ၎င်း၏အသိုင်းအဝိုင်းများအတွက် စိတ်တိုင်းကျသော မဲစင်တာတည်နေရာများကို ခွဲခြားသိမြင်ရန် ဘက်ပေါင်းစုံ နည်းဗျူဟာတစ်ခုကို အသုံးပြုထားသည်။

RR/CC သည် စိတ်တိုင်းကျ မဲစင်တာနေရာကို ဆုံးဖြတ်သည့်အခါ အောက်ပါ VCA စံနှုန်း 14 ခုကို ထည့်သွင်း စဉ်းစားထားပါသည်။

- ပထဝီအနေအထားအရ သီးခြားရပ်ကွက်များ
- ဝင်ငွေနည်း ရပ်ကွက်များ
- အင်္ဂလိပ်စကားပြောအကန့်အသတ်ရှိသူများနှင့် ဘာသာစကား လူနည်းစု ရပ်ကွက်များ
- ယာဉ်ပိုင်ဆိုင်မှုနည်းသော ရပ်ကွက်များ
- မဲဆန္ဒရှင်နေထိုင်ရာ လူဦးရေ စင်တာများ
- အလုပ်အကိုင်စင်တာများနှင့် နီးကပ်မှုများ
- မသန်စွမ်း မဲဆန္ဒရှင်များ
- စာတိုက်မှ မဲပေးခြင်း အသုံးပြုမှု နည်းပါးသောဒေသ
- မဲပေးခြင်း စိတ်အားထက်သန်သော မှတ်ပုံတင်ပြီးသား မဲဆန္ဒရှင်များ
- အသစ်ပေါ်ထွက်လာသော မဲဆန္ဒရှင်များ
- လမ်းပန်းဆက်သွယ်ရေးလွယ်ကူသောနေရာများ
- ယာဉ်ကြောပိတ်ဆို့မှုနှင့် သွားလာမှုပုံစံများ
- အများသုံး ပြည်သူပိုင် ယာဉ်ရပ်နားရာနေရာ

### ii. Los Angeles ကောင်တီအတွက် အဆောက်အအုံ အကဲဖြတ်မှု

VCA သည် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်အရေအတွက်အပေါ် အခြေခံ၍ မဲစင်တာအရေအတွက်ကို ဆုံးဖြတ်ရန် ဖော်မြူလာတစ်ခု ချမှတ်ထားသည်။ မှတ်ပုံတင်ထားသော မဲဆန္ဒရှင် အယောက် 50,000 တိုင်းအတွက် 11 ရက်အကြာ မဲစင်တာတစ်ခုနှင့် မှတ်ပုံတင်ထားသော မဲဆန္ဒရှင် အယောက် 10,000 တိုင်းအတွက် 4 ရက်အကြာ မဲစင်တာတစ်ခုတို့ကို ပံ့ပိုးပေးရန် ကောင်တီများအား ညွှန်ကြားထားသည်။ (ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ 4005(a)(10)(I)(vi)(I) ကိုကြည့်ပါ)။

VCA ဖော်မြူလာအရ 2026 ခုနှစ်၊ ဇွန်လ 2 ရက်၊ ပြည်နယ်တစ်ဝန်း တိုက်ရိုက် အကြို ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲနေ့ မတိုင်မီ 10 ရက်အလိုတွင် ဖွင့်လှစ်ရန် ခန့်မှန်းခြေ မဲစင်တာ 116 ခု လိုအပ်သည်။ RR/CC ၏ ရည်မှန်းချက်သည် ၎င်းကာလအတွင်း အနည်းဆုံး 120 ခု ရရှိရန်လိုအပ်သည်။ ထို့အပြင် ရွေးကောက်ပွဲနေ့မတိုင်မီ သုံးရက်နှင့် ရွေးကောက်ပွဲနေ့ အပါအဝင်၊ VCA သည် ကောင်တီတွင် အနည်းဆုံး မဲစင်တာ 582 ခု ဖွင့်လှစ်ရန် လိုအပ်ပြီး၊ RR/CC ၏ ရည်မှန်းချက်မှာ 640 ခုဖြစ်သည်။

ရွေးကောက်ပွဲတစ်ခုစီအတွက် မဲစင်တာများ၏ အရေအတွက်နှင့် နေရာကို ဆုံးဖြတ်ရန်၊ RR/CC သည် အောက်ပါ ဘက်စုံ အဆင့်လေးဆင့် နည်းစနစ်တစ်ခုကို အသုံးပြုထားသည်-

- **အဆင့် 1- ပထဝီအနေအထားပျံ့နှံ့မှု –** ဝန်ဆောင်မှုနယ်မြေများတွင် မဲစင်တာများ၏ မျှတသော ပထဝီအနေအထားဖြန့်ကျက်မှုတစ်ခုကို သေချာစေရန် VCA စံနှုန်း 14 ခုကို အသုံးပြု၍ ဖန်တီးခဲ့သည်။ ဤဝန်ဆောင်မှု နယ်ပယ်များသည် ကောင်တီအား VCA မူဝါဒများနှင့် ဥပဒေ တောင်းဆိုချက်များ စသည်တို့နှင့် ကိုက်ညီမှုရှိရန် ခွင့်ပြုထားသည်။
- **အဆင့် 2 – GIS ပြန်လည် သုံးသပ်ခြင်း -** RR/CC ၏ ပထဝီအနေအထား သတင်း အချက်အလက် စနစ် (GIS) အဖွဲ့သည် လူဦးရေသိပ်သည်းဆနှင့် VCA သင့်လျော်သော စံနှုန်းများအပေါ် အခြေခံ၍ heat map ခေါ် သိပ်သည်းဆပြ မြေပုံများကို ဖန်တီးဖြစ်ပေါ်စေသည်။ ၎င်းမြေပုံများသည် ဝန်ဆောင်မှု နယ်မြေ အတွင်း၏ အလားအလာရှိသော မဲစင်တာများတည်နေရာများအားလုံးကို ထပ်ထားသောပုံစံဖြင့် ဖော်ပြထားသည်။ RR/CC သည် CALIFORNIA ရွေးကောက်ပွဲ ဥပဒေ၏ ပုဒ်မ 14201 အရ CALIFORNIA ပြည်နယ် အတွင်းရေးမှူးမှ ခွဲခြားသတ်မှတ်ထားသော ဘာသာစကားလူနည်းစု အုပ်စုများ၏ စုစည်းမှု မြင့်မားသော နယ်မြေများ၊ တမူထူးခြား အသိုင်းအဝိုင်း လက္ခဏာများရှိသည့် ရပ်ကွက်များ၊ (ဥပမာ- Koreatown ကိုရီးယားတန်းနှင့် Chinatown တရုတ်တန်း)။ ပါဝင်လက်ခံနိုင်သော ဒီမိုကရေစီ စင်တာ၏ မဲပေးနေရာနှင့် ကွင်းဆင်းရေးကိရိယာစသော ကိရိယာများကို အသုံးပြု၍ မသန်စွမ်း မဲဆန္ဒရှင်လူဦးရေ အများအပြားရှိသည့် ရပ်ကွက်များကိုလည်း အကဲဖြတ်ဆောင်ရွက်ကြသည်။
- **အဆင့် 3- မဲဆန္ဒရှင်အပြုအမူ** - မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် နှစ်သက်မှုများကို ကြိုတင် ခန့်မှန်းရန်၊ အတိတ်ကာလ၏ မဲထည့်နှုန်းအရေအတွက်၊ စာတိုက်မှမဲပေးခြင်း ပြန်လည်ပေးပို့သည့် နှုန်းထားများနှင့် လက်ရှိ သို့မဟုတ် အဆိုပြုထားသည့် မဲစင်တာများနှင့် နီးကပ်မှုရှိသောအနေအထား များကို ပြန်လည်သုံးသပ်သည်။
- **အဆင့် 4- နောက်ပိတ်ဆုံး ပြန်လည် သုံးသပ်ခြင်း -** အမှုဆောင်နှင့် အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ သက်ဆိုင်သူများတို့သည် အဆိုပြုထားသော အစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး၊ မည်သည့် ဝန်ဆောင်မှု ကွာဟချက်နှင့် ဆုံးဖြတ်ချက်တို့ကိုမဆို ခွဲခြားသိမြင်ပြီး နောက်ထပ် မဲစင်တာများ လိုအပ်ချက်ရှိမရှိ ဆုံးဖြတ်ချက် ချပေးသည်။

Los Angeles ကောင်တီ RR/CC သည် နေရာတစ်ခုအတွက် မဲစင်တာတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရန် အခြေခံ လိုအပ်ချက်များကို ရှင်းပြပြီး၊ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များအား သတ်မှတ်ထားပြီးဖြစ်သည်။



LOS ANGELES COUNTY
REGISTRAR-RECORDER/COUNTY CLERK

VOTE CENTER REQUIREMENTS

**AVAILABILITY:**
- Sites can serve as 11-day or 4-day Vote Centers.
- Sites must be available up to 4 days before and 4 days after the voting period for equipment set-up and break-down.

**ROOM SIZE:**
- Minimum of 1,500 square feet
- Smaller rooms could be considered on a case by case basis.

**HOURS:**
- **Early voting period:** Facilities must be accessible from 9am-8pm.
- **Election Day:** Facilities must be accessible from 6am-10pm or later to allow for processing voters still in line.

**DATA & ELECTRICAL:**
- Data capacity for Electronic Pollbooks to connect to network. Preference is to utilize facility's data port but is not required.
- Electrical infrastructure to power Ballot Marking Devices.
- RR/CC representatives will conduct a site assessment to determine viability.

| Vote Center Capacity | |
|---|---|
| Minimum downstream | 20 Mb/s |
| Minimum Upstream | 10 Mb/s |
| Latency | =<40 ms |
| Power | 45 Amps |

Requirements are subject to change at any time.

**ACCESSIBILITY:**
- Accessible walking path from parking lot/street to vote center room (wide enough path; ramp; etc.).
- Accessible parking for voters with disabilities (or ability to cone off 1 or 2 parking spaces to designate for accessibility usage).
- RR/CC representatives will conduct a site assessment to ensure accessibility.

**PARKING:**
- Designated or available parking for all voters.
- If only street parking is available, must consider street sweeping days and work with local agencies for exceptions as needed.

**COMPENSATION:**
- Compensation can be provided to cover operational costs including security, electrical, staffing, etc. (Up to $300/daily).

**Contact Information: Send an email to votecenters@rrcc.lacounty.gov or call 562-347-2444.**

For more information, visit LAVOTE.GOV

အလားအလာရှိသော မဲစင်တာများကို ဖော်ထုတ်ခဲ့သည်နှင့်တပြိုင်နက် RR/CC သည် CALIFORNIA ပြန်လည် ထူထောင်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော CALIFORNIA ပြည်နယ် အတွင်းရေးမှူး၏ မသန်စွမ်းများ မဲရုံဝင်ရောက်ခွင့် လမ်းညွှန်ချက်များကို အသုံးပြု၍ ဘက်စုံ စစ်တမ်းတစ်ခုကို စီမံဆောင်ရွက်သည်။ စစ်တမ်းတွေ့ရှိချက်များအပေါ် အခြေခံ၍၊ RR/CC သည် မသန်စွမ်းဝင်ရောက်ပါဝင်နိုင်သည့် အတားအဆီးများဖြစ်နိုင်သော နေရာတစ်ခုစီအတွက် အတားအဆီးလျှော့ချမှုဆိုသည့် အထုပ်တစ်ခုကို ဖန်တီးပေးထားသည်။ ၎င်းအထုပ်တွင် ပါရှိသည့်အရာများမှာ-

1. အတားအဆီးများကို ဖြေရှင်းရန် ယာယီဖြေရှင်းချက်များနှင့် ဖြန့်ကျက်ချထားမှု ညွှန်ကြားချက် အစရှိသည်များအား အသေးစိတ်ဖော်ပြထားသည့် **အတားအဆီးလျှော့ချရေး စီမံကိန်း**။
2. လိုအပ်သောနေရာတွင် အခြားနည်းလမ်းဖြင့် မသန်စွမ်းဝင်ရောက်ပါဝင်နိုင်မှု လမ်းကြောင်းများ အပါအဝင်၊ မဲဆန္ဒရှင်များကို မဲပေးနေရာသို့ ညွှန်ပြသော **အမှတ်အသားပြအစီအစဉ်တစ်ခု**။
3. မဲပေးနေရာ၏ အသေးစိတ် မြေပုံနေရာတစ်ခု။

သိသာထင်ရှားသော မသန်စွမ်းဝင်ရောက်ပါဝင်နိုင်မှု စိန်ခေါ်ချက်များရှိသည့်နေရာများတွင် ဦးစားပေး ခံထားရခြင်းမရှိသောကြောင့် ရွေးကောက်ပွဲတစ်ခုစီတွင် အသင့်တော်ဆုံးနှင့် မသန်စွမ်း ဝင်ရောက်ပါဝင် နိုင်သည့် ရရှိနိုင်သော မဲစင်တာများအား အသုံးပြုနိုင်မှုရှိစေရန် သေချာစွာ ဆောင်ရွက်ထားပါသည်။

### iii. မဲစင်တာ ဆောင်ရွက်ချိန်များ

မဲစင်တာများကို ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲနေ့ မတိုင်ခင် 10 ရက်ဆက်တိုက် ဖွင့်လှစ်ထားပြီး၊ မဲဆန္ဒရှင်များကို မည်သည့်နေရာတွင်မဆို မဲပေးနိုင်ရန် စနေ၊ တနင်္ဂနွေ နှစ်ရက် အချိန်ပြည့်ပေးထားသည်။ ရွေးကောက်ပွဲနေ့ မတိုင်ခင်၊ မဲစင်တာများကို နေ့စဉ် နံနက် 10 နာရီမှ ည 7 နာရီအထိ ဖွင့်လှစ်ထားသည်။ ရွေးကောက်ပွဲနေ့တွင် ၎င်းအချိန်များအား နံနက် 7 နာရီ မှ ည 8 နာရီအထိ တိုးချဲ့ပေးထားခဲ့သည်။

## 2-B. မဲပေးလွှာထည့်ပုံးများ




မဲပေးလွှာထည့်ပုံးများသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် နေထိုင်သော မဲဆန္ဒရှင်များ၊ မကြာခဏ ခရီးသွားသူများနှင့် ကောင်တီပြင်ပတွင် အလုပ်လုပ်သော သူများအတွက် လက်လှမ်းမီဝင်ရောက် အသုံးပြုနိုင်သော မဲပေးရွေးချယ်မှုများကို ထောက်ပံ့ပေးရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ VCA အရ၊ မဲပေးလွှာထည့်ပုံးများသည် လုံခြုံမှုရှိခြင်း၊ လက်လှမ်းမီဝင်ရောက်အသုံးပြုနိုင်ခြင်းအပြင် တည်ထောင်ထားသော အများပြည်သူ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများဖြင့် အနီးဆုံးဖြစ်နိုင်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ထားသည်။ ၎င်းတို့ကို ရွေးကောက်ပွဲနေ့မတိုင်မီ 29 ရက်ထက်နောက်မကျစေဘဲ၊ ရွေးကောက်ပွဲနေ့အထိ ပုံမှန်ရုံးချိန်အတွင်း ဖွင့်လှစ်ထားသည်။ ထို့အပြင် ပုံမှန်ရုံးချိန်များအပါအဝင် မဲပေးလွှာထည့်ပုံး အနည်းဆုံး တစ်ခုအတွက် တစ်ရက်လျှင် အနည်းဆုံး 12 နာရီအကြာ ဖွင့်လှစ်ပေးထားသည်။

VCA စံနှုန်းများ၊ မဲစင်တာနေရာသတ်မှတ်ခြင်း လုပ်ငန်းစဉ်နှင့်အလားတူ အချက်အလက်ဖြင့်ရယူသော ဝန်ဆောင်မှု ဧရိယာပုံစံတစ်ခုတို့ကို အသုံးပြု၍ မဲထည့်ပုံးများအား ရွေးချယ်သတ်မှတ်ထားရှိသည်။ RR/CC ၏ GIS အဖွဲ့သည် ကောင်တီတစ်လျှောက်ရှိ တည်နေရာများ၏ မျှတသော ပထဝီအနေအထား ဖြန့်ကျက်မှု တစ်ခုကို သေချာစေရန် ဝန်ဆောင်မှု နယ်မြေများ ဖန်တီးထားသည်။

2026 ခုနှစ်၊ ဇွန်လ 2 ရက်၊ ပြည်နယ်တစ်ဝန်း တိုက်ရိုက် အကြို ရွေးကောက်ပွဲအတွက် VCA သည် အနည်းဆုံး မဲပေးလွှာထည့်ပုံးများ 389 ခု လိုအပ်သည်။ RR/CC သည် လက်ရှိ ကောင်တီ တစ်လျှောက် မဲပေးလွှာထည့်ပုံး များ 400 ခုကို လုပ်ဆောင်ထားပြီး၊ ယခင် ကောင်တီတစ်ဝန်း ရွေးကောက်ပွဲများအတိုင်း တသားတည်းအဖြစ်

ထားရှိရန်၊ နောက်ထပ် မဲပေးလွှာထည့်ပုံး 20 ခုကို ထပ်မံ တပ်ဆင်မှာဖြစ်ပြီး စုစုပေါင်း 420 ခုကျော် ဖြစ်သွားမည်ဖြစ်သည်။ ဤနေရာ အသစ်များအား မဲစင်တာကဲ့သို့ တူညီတင်းကျပ်သော ပြန်လည်သုံးသပ်မှုနှင့် အကဲဖြတ်မှုတို့ဖြင့် စီရင်ဆောင်ရွက်နေသည်။ ထို့အပြင် မဲစင်တာများအားလုံးသည် မဲပေးလွှာထည့်နိုင်သည့် နေရာများအဖြစ်လည်း ဝန်ဆောင်မှုပြုသည်။

# အပိုင်း 3 – မဲစင်တာ ပုံစံ၊ ကိရိယာနှင့် ဝန်ထမ်းခန့်ခြင်း

## 3-A. ဝန်ထမ်းခန့်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဘာသာစကားပေါင်းစုံ ဝန်ဆောင်မှုများ

Los Angeles ကောင်တီ၏ မဲစင်တာ ပုံစံကို ကောက်တီ တစ်လျှောက်လုံးတွင် ပါဝင်မှု အဆင့်အမျိုးမျိုးဖြင့် လိုက်လျောညီထွေဖြစ်ရန် ဒီဇိုင်း ရေးဆွဲခဲ့သည်။ ကောင်တီသည် ခန့်မှန်းခြေ အရွယ်အစား ကွဲပြားမှု အတိုင်းအတာသုံးခုကို အသုံးပြု၍ မဲစင်တာများအား နေရာချထားသည်။ ၎င်းတို့မှာ ပုံမှန်အစား၊ အကြီးအစား၊ အလွန်ကြီးအစား (ဇယား 2 ကို ကြည့်ပါ)တို့ဖြစ်ကြသည်။ မဲစင်တာ တစ်ခုစီတွင် ၎င်း၏ အရွယ်အစားပေါ် မူတည်၍ ရွေးကောက်ပွဲ လုပ်သား 12 ယောက်မှ 26 ယောက်အထိထားရှိသည်။ ဘာသာစကား နှစ်မျိုးပြောဆိုသောသူများသည် မဲစင်တာတစ်ခုအတွင်း သို့မဟုတ် ကပ်လျက်ရှိသော ရပ်ကွက်များ သို့မဟုတ် ဝန်ဆောင်မှု နယ်မြေများအတွက် ဘာသာစကား လိုအပ်ချက်များကို ဖြည့်ဆည်းရန်လည်း တာဝန်ပေးအပ်ခံရသည်။ အမေရိကန် လက်ဟန်ပြ ဘာသာစကားဖြင့် အကူအညီ လိုအပ်သော မဲဆန္ဒရှင်များသည် မည်သည့် မဲစင်တာတွင်မဆို ဤဝန်ဆောင်မှုအား တောင်းဆိုနိုင်ရန် - လေ့ကျင့်ထားသော စကားပြန်များကို လူကိုယ်တိုင် သို့မဟုတ် နည်းပညာမှတစ်ဆင့် အကူအညီများရရှိနိုင်ရန် ဆောင်ရွက်ပေးထားပါသည်။

| ဇယား 2 - မဲစင်တာ အရွယ်အစား အတိုင်းအတာ | | |
|---|---|---|
| **မဲစင်တာ အရွယ်အစား** | **လိုအပ်သော စတုရန်းပေ** | **BMDs ထောက်ပံ့မှု** |
| **ပုံမှန်အစား** | **2,159 အထိ** | **15** |
| **အကြီးအစား** | **2,819 အထိ** | **25** |
| **အလွန်ကြီးအစား** | **3,099 နှင့်အထက်** | **35-45** |

RR/CC သည် မဲစင်တာများတွင် ရွေးကောက်ပွဲ လုပ်သားအခန်းကဏ္ဍများအား အောက်ပါအတိုင်း သတ်မှတ်ထားသည်-

- **တာဝန်ခံ –** မဲစင်တာ ဖွင့်ခြင်းနှင့် ပိတ်ခြင်း၊ မေးခွန်းများ သို့မဟုတ် ကိစ္စရပ်များကို ဖြေရှင်းခြင်းနှင့် နေ့စဉ် စာရင်းသွင်း စင်တာသို့ မဲများပေးပို့ခြင်းများအပါအဝင်၊ မဲစင်တာရှိ လှုပ်ရှားမှုအားလုံးကို ကြီးကြပ်သည်။
- **လက်ထောက် တာဝန်ခံ –** တာဝန်ခံ အားလုံး၏ အလုပ်တာဝန်အားလုံးကို ကူညီပြီး၊ တာဝန်ခံများ ပျက်ကွက်သည့်အခါ ၎င်းနေရာများတွင် တာဝန်ခံအဖြစ် လက်ခံဆောင်ရွက်သည်။

- **လိုင်း/ပလက်ဖောင်းဘောင် မဲပေးခြင်း ကြီးကြပ်သူများ –** မဲဆန္ဒရှင်များကို နှုတ်ဆက်ခြင်း၊ ယေဘုယျ မေးခွန်းများကို ဖြေဆိုခြင်း၊ သင့်လျော်သော ဌာနသို့ လမ်းညွှန်ခြင်း (ဥပမာ-စာရင်းသွင်း စာရေး၊ စာတိုက်မှ မဲပေးခြင်းစာရေးစသည်)တို့ဖြစ်ကြသည်။ မဲဆန္ဒရှင်များကို အမြန်ဝင်ရောက် စာရင်းသွင်း ကုဒ်နှင့် သို့မဟုတ် ISB လုပ်ငန်းစဉ်သို့ အကူအညီပေးခြင်း၊ ညွှန်ကြားခြင်းများအပြင် BMD အသုံးပြုပုံ အား ညွှန်ကြားချက်များပေးခြင်းဖြင့် လိုင်းကို လုံလောက်စွာ ထိန်းသိမ်းထားကြောင်း သေချာစေရန် ဖြစ်သည်။ တန်းစီလိုင်းများရှည်လျားခြင်း သို့မဟုတ် စောင့်ဆိုင်းရချိန် ရှည်ကြာသောအခါ မဲဆန္ဒရှင်များအတွက် အနီးအနားရှိ မဲစင်တာများ စာရင်းတစ်ခုကို အလွယ်တကူ ရရှိနိုင်အောင် လက်ကမ်းများ ကမ်းထားလိမ့်မည်။ ဒုတိယကြီးကြပ်သူသည် ပလက်ဖောင်းဘောင်မှ မဲပေးသည့်နေရာ တွင် 15 မိနစ်တစ်ကြိမ် စစ်ဆေးမှုများပြုလုပ်ပေးပြီး၊ အကူအညီ လိုအပ်သော မဲဆန္ဒရှင်များရှိပါက ၎င်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို တစ်ပါတည်း ထောက်ပံ့ ပေးထားပါသည်။

- **စာရင်းသွင်း  စာရေး -** မဲဆန္ဒရှင်များ စာရင်းသွင်းမှုကို စစ်ဆေးပြီး၊ ၎င်းတို့၏ မဲများကို ပေးကာ မဲပေးရေိယာသို့ လမ်းညွှန်ပေးသည်။

- **မဲပေးရေိယာ ကြီးကြပ်သူ -** မဲဆန္ဒရှင်များအား အသုံးပြုနိုင်သော BMD သို့ ညွှန်ကြား၍ အခြေခံ BMD ပြဿနာများကို ဖြေရှင်းပေးပြီး၊ မဲဆန္ဒရှင်များကို စာတိုက်မှ မဲပေးခြင်းစာရေးသို့မဟုတ် ယာယီမဲပေးခြင်း စာရေးထံတွင် " ကျွန်ုပ် မဲပေးခဲ့သည်"ဆိုသည့် ကပ်ခွာစာရွက်ကို လက်ခံရရှိရန် ညွှန်ကြားထားသည်။

- **ကွင်းဆင်းထောက်ပံ့ရေးနည်းပညာရှင် –** မဲစင်တာတွင် ကိရိယာများ၏ ပြဿနာများကို ဖြေရှင်းပေး သည် (ဥပမာ- BMDများ၊ ePollBook များ၊ Router များစသည်)။ ရွေးကောက်ပွဲ ကိရိယာများအားလုံး အတွက် ထိန်းသိမ်းခြင်းနှင့် မှတ်တမ်း စောင့်ဆိုင်းချိန်များ၊ မဲစာရွက် လက်ကျန်အရေအတွက်နှင့် RR/CC ၏ စနစ်များထဲရှိ ဖြစ်ရပ်များစသည်တို့ကို ကူညီထောက်ပံ့ပေးထားသည်။

- **ယာယီ သို့မဟုတ် စာတိုက်မှမဲပေးခြင်း စာရေး–** ယာယီနှင့် CVR မဲဆန္ဒရှင်များကို ကူညီပေးပြီး၊ မဲဆန္ဒရှင်များထံမှ စာတိုက်မှမဲပေးသော စာအိတ်များကို လက်ခံရရှိပြီး၊ "ကျွန်ုပ် မဲပေးခဲ့သည်" ဆိုသည့် ကပ်ခွာများ (၎င်းသည် အခြေအနေအရ စီစဉ်ခန့်အပ်လိုက်သော ရာထူးဖြစ်သည်)ကို ထုတ်ပေးသည်။





## 3-B. မဲစင်တာ အကူအညီ

ကောင်တီရှိ မဲစင်တာတိုင်းတွင် မဲဆန္ဒရှင်အားလုံးကို လွတ်လပ်စွာ သီးသီးသန့်သန့် မှတ်သားခွင့်ပြု၍ အပြည့်အဝ အသုံးပြုနိုင်သည့် မဲပေးကိရိယာများဖြစ်သော BMDများကို တပ်ဆင်ထားသည်။ ရွေးကောက်ပွဲလုပ်သားများအားလုံးသည် BMD ၏ အသုံးပြုနိုင်သည့် အသွင်အပြင်များအပေါ် အာရုံစူးစိုက်ထားသည့် ညွှန်ကြားချက်များ အပါအဝင်၊ မဲပေးခြင်းလုပ်ငန်းစဉ်နှင့်အတူ မဲဆန္ဒရှင်များအား ကူညီပေးခြင်းအပေါ် လေ့ကျင့်မှုများ လက်ခံရရှိထားကြသည်။ မဲစင်တာတိုင်းတွင် ရရှိနိုင်သော နောက်ထပ် အသုံးပြုနိုင်သည့် ကိရိယာများမှာ မှန်ဘီလူး၊ လက်မှတ် လမ်းညွှန်များ၊ ဘောပင်လက်ကိုင်များ၊ 20/20 ဘောပင်များနှင့် ပလက်ဖောင်းဘောင်မဲပေး ဝန်ဆောင်မှုများအစရှိသည်များ ပါဝင်ကြသည်။




မဲစင်တာတစ်ခုသို့ ဝင်ရောက်ရန် အခက်အခဲရှိနိုင်သော မဲဆန္ဒရှင်များအတွက် ပလက်ဖောင်းဘောင်မဲပေးခြင်းအား မဲစင်တာအားလုံးတွင် ရရှိနိုင်ပါသည်။ ဤဝန်ဆောင်မှုသည် မဲဆန္ဒရှင်များကို မဲစင်တာတစ်ခုအပြင်ဘက်၌ သတ်မှတ်ထားသည့် ဧရိယာတစ်ခုတွင် ရှင်းလင်းစွာ ဖော်ပြထားသော တယ်လီဖုန်း နံပါတ်တစ်ခုကို ခေါ်ဆိုခြင်းဖြင့် မဲဆန္ဒရှင်တို့၏ယာဉ်ပေါ်မှ အဆင်ပြေပြေ မဲထည့်နိုင်ရန် ခွင့်ပြုထားပါသည်။ ထို့နောက် ရွေးကောက်ပွဲ လုပ်သားတစ်ဦးသည် မဲဆန္ဒရှင်၏ ယာဉ်သို့ မဲပေးပစ္စည်းများကို ယူဆောင်လာပြီး၊ ၎င်းတို့၏ မဲကို လွတ်လပ်စွာနှင့် သီးသန့် အမှတ်အသားပြုနိုင်စေသည်။ မဲဆန္ဒရှင်များသည် ISB သို့မဟုတ် စာရွက်ဖြည့်စွက်မဲပေးလွှာတစ်ခုစသည်တို့ကို အသုံးပြုခြင်းဖြင့် ၎င်းတို့၏ မဲပေးလွှာအား အမှတ်အသားပြုနိုင်ကြသည်။

## 3-C. မဲစင်တာ ပုံစံ

အပိုင်း 3-A တွင် ဖော်ပြခဲ့သကဲ့သို့ မဲစင်တာများ၏ အရွယ်အစားသည် ကွဲပြားမည်။ နေရာတစ်ခုစီရှိ BMD အရေအတွက်သည် အခန်းပုံစံနှင့် ၎င်းနေရာ၏ သီးသန့် သတ်မှတ်ချက်များအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချရသည်။ တစ်သမတ်တည်းဖြစ်မှုကို သေချာစေရန်၊ မဲစင်တာတစ်ခုစီသည် သင့်လျော်သော BMD နေရာကို ပြသသည့် အခင်းအကျင်းပုံတစ်ခုကို လက်ခံရရှိလိမ့်မည်ဖြစ်ပြီး၊ မဲဆန္ဒရှင်တစ်ဦးစီကို သီးသီးသန့်သန့် လွတ်လပ်စွာ မဲပေးနိုင်ရန် ခွင့်ပြုထားပါသည်။ နေရာချထားမှုအတွက် မသန်စွမ်းမဲဆန္ဒရှင်များ

ပါဝင်နိုင်သည့် လိုအပ်ချက်များ ကိုလည်း တစ်ပါတည်း ထည့်တွင်းတွက်ချက်ထားပြီး၊ နေရာတစ်ခုစီ၏ အတိုင်းအတာအမျိုးမျိုးနှင့် ကွဲပြားသော ပုံစံအမျိုးအစားများကို လိုက်လျောညီထွေဖြစ်ရန် ချိန်ညှိသွားမည် ဖြစ်သည်။



ပုံ 3- လူအများအပြားဝင်ဆံ့နိုင်သော မဲစင်တာ၏ နမူနာအပြင်အဆင်။

# အပိုင်း 4 – လုံခြုံရေးနှင့် အရေးပေါ်အစီအစဉ်

## 4-A. လုံခြုံရေးနည်းလမ်းများနှင့် စံနှုန်းများ

မဲစင်တာများ၌ မဲပေးခြင်းဆိုင်ရာများကို ပြည်နယ်က သတ်မှတ်ထားသည့် လုံခြုံရေး စံနှုန်းများ၊ RR/CC ၏ လုံခြုံရေး လုပ်ထုံးလုပ်နည်းများ၊ CALIFORNIA ရွေးကောက်ပွဲ ဥပဒေနှင့် VSAP ဖြေရှင်းနည်း အသုံးပြုမှု လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်အောင် လုပ်ဆောင်ထားပါသည်။ ၎င်းတွင် ကန့်သတ်ထားခြင်း မရှိသော်လည်း၊ မဲစင်တာရှိ ကိရိယာများအားလုံးကို အဆိုပါ စည်းမျဉ်းများနှင့်အညီ စည်းတံဆိပ်ဖြင့် ခတ်နှိပ်ပိတ်ထားခြင်း၊ ပို့ဆောင်ပေးခြင်း၊ သိုလှောင်ခြင်း၊ လုပ်ဆောင်ခြင်းနှင့် ထိန်းသိမ်းမှုကွင်းဆက် အပြည့်အစုံကို ကိရိယာများနှင့် မဲကိုင်တွယ်မှုအားလုံးအတွက် မှတ်တမ်းတင်ထားမှု သေချာစေကြောင်း အစရှိသည်များ ပါဝင်ကြသည်။ လုပ်ထုံးလုပ်နည်းများအရ အဆိုပါနေရာအား ဖွင့်သည့်အခါတိုင်း အနည်းဆုံး ရွေးကောက်ပွဲ လုပ်သားနှစ်ဦးရှိရန် လိုအပ်သည်။ BMD များကို ပြုပြင်ပြောင်းလဲထားခြင်း မရှိကြောင်း သေချာစေရန်၊ ရွေးကောက်ပွဲ အလုပ်သမားများသည် မဲစင်တာ မဖွင့်မီနှင့် ပိတ်ပြီးနောက် အချိန်နှစ်ခုစလုံးတွင် BMD တစ်ခုစီမှ အစီရင်ခံစာ တစ်ခုကို ပုံနှိပ်ရမည်ဖြစ်ပြီး အဆိုပါနေရာကို ပိတ်လိုက်သည့်အချိန်၌ မဲပေးလွှာများအား မထည့်ထားကြောင်း စစ်ဆေးအတည်ပြုရန်တို့ဖြစ်ကြသည်။

## 4-B. မဲစင်တာ ထောက်ပံ့မှု

မဲစင်တာများတွင် အလုပ်လုပ်နေသောသူများအပါအဝင် ဝန်ထမ်းအားလုံးနှင့် နည်းပညာနှင့် စံချိန်ကိုက်ညီမှုများကို ထောက်ပံ့ပေးသောသူတို့သည် မဲပေးကိရိယာများ၏ လုပ်ဆောင်ခြင်း၊ မဲစင်တာတစ်ခု တည်ထောင်ခြင်း၊ မဲဆန္ဒရှင်များအား ကူညီခြင်းနှင့် စီမံဆောင်ရွက်ခြင်း၊ ထိခိုက်လွယ်သော ကိရိယာများအား လုံခြုံမှုရှိစေရေးနှင့် အရေးပေါ်ကိစ္စတစ်ခုတွင် သင့်လျော်သော လုပ်ထုံးလုပ်နည်းများအပေါ် ဘက်စုံလေ့ကျင့်မှု သင်တန်းကို တက်ရောက်ရလိမ့်မည်။

မဲစင်တာ တာဝန်ခံများနှင့် ကွင်းဆင်းထောက်ပံ့ရေး နည်းပညာရှင်များ (FST) အားလုံးကို ရွေးကောက်ပွဲဝန်ထမ်းများနှင့် တိုက်ရိုက် ဆက်သွယ်မှုစေရှိရန် စမတ်ဖုန်းများ ပေးထားသည်။ ဤကိရိယာများသည် သတင်းများနှင့် RR/CC မှ သတိပေးချက်များကို အချိန်နှင့်တပြေးညီ ရရှိနိုင်ခွင့်ပြုသည့်အပြင် အီလက်ထရွန်နစ် မဲစာအုပ်များအတွက် အဝေးမှ ပိတ်ချခြင်း၊ ပုံစံပြောင်းလဲမှုပြုလုပ်ခြင်းနှင့် ပျောက်ဆုံးသွားလျှင် သို့မဟုတ် ခိုးယူခံရလျှင် သော့ခတ်နိုင်ခြင်းစသည့် လုံခြုံရေး အသွင်အပြင်များ ပါရှိသည်။

RR/CC သည် နည်းပညာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ထောက်ပံ့မှုများကို ထောက်ပံ့ပေးနိုင်ရန် ခေါ်ဆိုမှုစင်တာတစ်ခုကိုလည်း လုပ်ဆောင်ထားသည်။ ရွေးကောက်ပွဲ လုပ်သားများနှင့် ထောက်ပံ့ပေးသော ဝန်ထမ်းများအားလုံးသည် အရေးပေါ် လုပ်ထုံးလုပ်နည်းများအပေါ် လေ့ကျင့်မှုများရရှိထားပြီး မဲစင်တာ လုပ်ဆောင်မှုများနှင့် အရေးပေါ် အစီအစဉ်များကို အသေးစိတ်ဖော်ပြထားသော လက်စွဲစာအုပ်တစ်ခုကိုလည်း လက်ခံရရှိထားသည်။

## 4-C. ဆိုက်ဘာလုံခြုံရေး

ခိုင်မာအားကြီးသော ဆိုက်ဘာလုံခြုံရေးမှတဆင့် တရားမျှတသော ရွေးကောက်ပွဲကို ကာကွယ်ခြင်းသည် RR/CC အတွက် အရေးကြီးသော ဦးစားပေးမှု တစ်ခုဖြစ်သည်။ RR/CC ၏ သတင်း အချက်အလက် နည်းပညာအဖွဲ့သည် အဖွဲ့အစည်း၏ ခံနိုင်ရည်ကို တိုးမြှင့်ရန် စက်မှုစံနှုန်းများ၊ အကောင်းဆုံး လက်တွေ့ ကျင့်သုံးမှုများနှင့် ကိုက်ညီသော အုပ်ချုပ်မှု၊ အန္တရာယ်နှင့် လိုက်နာမှုဆိုသည့် (GRC) မူဘောင်တို့ဖြင့် အသုံးပြုကြသည်။

သံသယ ဖြစ်ဖွယ် သို့မဟုတ် မလိုတမာ လှုပ်ရှားမှုများကို တက်ကြွစွာ တုံ့ပြန်နိုင်ရန် သီးသန့်ဖြစ်သော ရွေးကောက်ပွဲ လုံခြုံမှု လုပ်ဆောင်ရေးစင်တာတစ်ခုမှတစ်ဆင့် အဆက်မပြတ် စောင့်ကြည့်နေကြသည်။ အဓိက လုံခြုံရေး စီမံချက်များ အောက်ပါအတိုင်း ပါဝင်ကြသည်-

- ဗဟိုမှ စီမံခန့်ခွဲထားသော ePollbook များ၊ အမည်ပျက်စာရင်းတွင် မပါသော router များ
- ရပ်နားခြင်း၊ ရွှေ့လျားခြင်းနှင့် ပို့ဆောင်ခြင်းများတွင် လုံခြုံမှုရှိစေရေးသေချာစေရန် စကားဝှက်ထားသော ဆက်သွယ်မှုများ

- ဗဟိုလုပ်ဆောင်ရေးစင်တာတစ်ခုမှတစ်ဆင့် ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် ချိတ်ဆက်ထားသော ကိရိယာများအကြား ကွန်ယက်ဆက်သွယ်မှု အားလုံးကို စောင့်ကြည့်ခြင်း
- ပြည်နယ်နှင့် ဖက်ဒရယ် အဆင့်ရှိ မျိုးစုံသော ဆိုက်ဘာလုံခြုံရေးအေဂျင်စီများ (ပြည်နယ် အတွင်းရေးမှူး၊ ဆိုက်ဘာလုံခြုံရေးနှင့် အခြေခံ အဆောက်အအုံ လုံခြုံရေး အေဂျင်စီ၊ ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရို (FBI)၊ အမိမြေ လုံခြုံရေးဌာန၊ အခြားဒေသခံနှင့် အမျိုးသား အဖွဲ့အစည်းများ)နှင့် တိုက်ရိုက်ဆက်သွယ်မှု
- ဖြစ်ရပ် တုံ့ပြန်ရေး စနစ်များ
- ရွေးကောက်ပွဲတိုင်းအတွက် မျှဝေထားသော လျှို့ဝှက်ကုဒ်များကို အပြောင်းအလဲ ပြုလုပ်ခဲ့သည်။
- VSAP ဖြေရှင်းနည်း အသုံးပြုနည်းများ (VSAP မဲပေးထားသော ပုံစံ၊ BMD မန်နေဂျာ၊ BMDနှင့် မဲရေတွက်ခြင်းစနစ်) တွင် ကောင်တီ ကွန်ယက် သို့မဟုတ် အင်တာနက် သို့မဟုတ် ကြိုးမဲ့ဆက်သွယ်မှု စသည့်  စနစ်အချင်းချင်း ချိတ်ဆက်ထားမှုများ မရှိစေရန် လုံခြုံစွာ ဆောင်ရွက်ထားသည်။

## 4-D. အရေးပေါ်အစီအစဉ်




RR/CC သည် မဲစင်တာများတွင် အနှောင့်အယှက်များကို တုံ့ပြန်ရန် အားကောင်းခိုင်မာသော အရေးပေါ် အစီအစဉ် တစ်ခုကို ထိန်းသိမ်းထားသည်။

- မဲစင်တာတစ်ခုတွင် သိသာသော ထိခိုက်မှုတစ်ခုဖြစ်ခဲ့လျှင်၊ ဝန်ထမ်းများနှင့် မဲပေးကိရိယာများတို့ဖြင့် ပြင်ဆင်ထားသော ယာယီမဲပေးစင်တာတစ်ခုကို ချက်ချင်းချထားပေးလိမ့်မည်။ ဤအတောအတွင်း တွင် မဲဆန္ဒရှင်များအား အနီးအနားရှိ မဲစင်တာများသို့ လမ်းညွှန်ပေးပါလိမ့်မည်။
- လိုအပ်သောအခါ RR/CC သည် တရား ဥပဒေစိုးမိုးရေးအဖွဲ့များ၊ ပြည်နယ် အတွင်းရေးမှူးရုံးနှင့် မီဒီယာတို့ကို အကြောင်းကြားပြီး၊ မဲဆန္ဒရှင်များအား တိကျမှန်ကန်ပြီး အချိန်နှင့်တပြေးညီရှိသော

သတင်းများကို လက်ခံရရှိနိုင်အောင်သေချာစေရန် ပြုလုပ်သွားမည်ဖြစ်သည်။

- သဘာဝဘေးအန္တရာယ်တစ်ခု သို့မဟုတ် အခြားဖြစ်ရပ်တစ်ခုကြောင့် မဲစင်တာ သို့မဟုတ် မဲပေးလွှာထည့်ပုံးတစ်ခု ထိခိုက်မှုဖြစ်ခဲ့ပါက ဝန်ထမ်းများသည် ဖြည့်စွက် ဆိုင်းဘုတ်များ၊ အသိပေးချက်များစသည်တို့ဖြင့် မဲဆန္ဒရှင်များကို အခြားနေရာများသို့ လမ်းညွှန်လိမ့်မည်။ ကြိုတင်ကြိုးပမ်းအားထုတ်မှု တစိတ်တဒေသအနေဖြင့် မဲစင်တာတစ်ခုတွင် လျှပ်စစ်မီးပျက်တောက်ခဲ့ပါက RR/CC သည် မဲပေးကိရိယာများ ဆက်လက် လုပ်ဆောင်နိုင်ကြောင်း သေချာစေရန် မိုဘိုင်းမီးစက်များနှင့် UPS စသော အရန်လျှပ်စစ်မီး စနစ်များကို တပ်ဆင်ပေးထားသည်။
- 2025 ခုနှစ် အထူးရွေးကောက်ပွဲအတွက် RR/CC သည် L.A. ကောင်တီ လူ့ဆက်ဆံရေးကော်မရှင်မှ လေ့ကျင့်ထားသော ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများတို့နှင့်အတူပူးပေါင်းပြီး စမ်းသပ်စီမံကိန်းတစ်ခုကို စတင်ခဲ့ပြီး ရွေးကောက်ပွဲအရင်းအမြစ်ဆက်ဆံရေးအရာရှိ (ERL) များကို စေလွှတ်ကာ RR/CC ပြဿနာဖြေရှင်းရေးဝန်ထမ်းများနှင့်အတူ မဲစင်တာများရှိရာသို့ သွားရောက်ကြသည်။ ERL များသည် တင်းမာမှုလျှော့ချရေးနည်းစနစ်များကို လေ့ကျင့်ရယူမှုရှိထားပြီး ၎င်းနှင့်ပတ်သက်သော အတွေ့အကြုံများရှိကြသည့်အပြင် ရွေးကောက်ပွဲလုပ်ရှားမှုများကို နှောင့်ယှက်ရန် ခြိမ်းခြောက်သည့် လှုပ်ရှားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ပြဿနာဖြေရှင်းရေး ဝန်ထမ်းများနှင့်အတူ လက်တွဲလုပ်ဆောင်ရန် အရံသင့်ရှိနေပြီး၊ ၎င်းတွင် တရား ဥပဒေစိုးမိုးရေးအဖွဲ့များ သို့မဟုတ် အရပ်သားဆန္ဒပြသူများ ပါဝင်နိုင်သည်။



ပုံ 4- ရွေးကောက်ပွဲအရင်းအမြစ် ဆက်ဆံရေးအရာရှိများသည် လူသားဆက်ဆံရေးနှင့် တင်းမာမှုလျှော့ချရေး ပံ့ပိုးမှုများပေးရန် အသင့်ပြင်ထားပါသည်။

မဲပေးကာလအတွက် မဲစင်တာတစ်ခုတွင် လှုပ်ရှားမှုအားလုံး ရပ်တန့်ရမည်ဆိုလျှင်၊ ရွေးကောက်ပွဲ လုပ်သားများသည် CALIFORNIA ရွေးကောက်ပွဲ ဥပဒေ၊ မဲထုတ်လုပ်ခြင်းနှင့် အပြီးသတ်ခြင်း လမ်းညွှန်ချက်များ အစရှိသည်တို့ကို လိုက်နာပြီး မဲပေးပစ္စည်းများအားလုံးကို ချက်ချင်းလုံခြုံစွာ သေချာစစ်ဆေး မှတ်တမ်းတင်ထားရမည်။ RR/CC သည် အစားထိုး မဲစင်တာတစ်ခု ဖွင့်လှစ်ရန် ပြုလုပ်ထားပြီး တည်နေရာကို အများပြည်သူထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရန် ဆက်သွယ်မှုပြုလိမ့်မည်။

အကယ်၍ Industry မြို့တော်ရှိ မဲဆောင်ရွက်ရေးစင်တာ (မဲများကို စီမံဆောင်ရွက်ခြင်း၊ စကန်ဖတ်ခြင်းနှင့် စာရင်းပြုစုခြင်း) တွင် အရေးပေါ်ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့ပါက RR/CC သည် ဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးစနစ်တစ်ခု ရှိထားသည်။ ဤအရံအဆောက်အအုံသည် Downey မြို့တော်တွင် တည်ရှိပြီး၊ မဲပေးလွှာစကန်ဖတ်ခြင်းနှင့် မဲစာရင်းပြုစုခြင်းများကို ဆက်လက်လုပ်ဆောင်မှုရှိနိုင်ရန် သေချာဆောင်ရွက်ထားသည်။

## အပိုင်း 5 – ရှေ့သို့ချီတက်ခြင်း

Los Angeles ကောင်တီ၏ မဲဆန္ဒရှင်သည် ဆက်လက် ကြီးထွားလာပြီး လူမျိုးစုံလင်မှုကလည်း ပိုမိုများပြားလာသည်။ RR/CC သည် ကောင်တီရှိ မဲဆန္ဒရှင်များအား အကောင်းဆုံး ဝန်ဆောင်မှုများပေးနိုင်ရန် ဤအစီအစဉ်ကို လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်း၊ လျှင်မြန်ဖြတ်လက်ခြင်း၊ လိုက်လျောညီထွေရှိခြင်းနှင့် တုံ့ပြန်နိုင်ခြင်းစသည်တို့ဖြင့် ဆက်လက် လုပ်ဆောင်နေပါသည်။

# နောက်ဆက်တွဲ

1. 2024 ခုနှစ် အထွေထွေ ရွေးကောက်ပွဲ- အတည်ပြုထားသော ရွေးကောက်ပွဲရလဒ် အချက်အလက် အနှစ်ချုပ်
2. 2024 ခုနှစ် အထွေထွေ ရွေးကောက်ပွဲ- မဲဆန္ဒရှင် အတွေ့အကြုံစစ်တမ်း
3. Los Angeles County ရှိ မဲပေးလွှာထည့်ပုံး တည်နေရာများစာရင်း
4. Los Angeles County ရှိ မဲစင်တာ တည်နေရာများစာရင်း

LOS ANGELES COUNTY
REGISTRAR-RECORDER/COUNTY CLERK

# CERTIFIED ELECTION RESULTS IN THE NOVEMBER 5, 2024 GENERAL ELECTION

## OVERALL TURNOUT:

**3,793,106**

66.12% OF REGISTERED VOTERS

- **1,060,354** IN-PERSON VOTING
- **2,732,752** VOTE BY MAIL

## NUMBER OF VOTE CENTER BALLOTS CAST:

**1,060,354**

- **44%** BEFORE ELECTION DAY (10-DAY EARLY VOTING PERIOD)
- **56%** ON ELECTION DAY

## NUMBER OF VOTE BY MAIL BALLOTS CAST:

**2,732,752**

- **1,661,325** RECEIVED BEFORE ELECTION DAY AND COUNTED ON ELECTION NIGHT
- **1,071,427** RECEIVED ON/AFTER ELECTION DAY AND COUNTED DURING THE POST-ELECTION CANVASS

### VBM RETURN METHODS:

- **51%** BALLOT DROP BOX VOTES
- **17%** VOTE CENTER DROP-OFFS
- **32%** BALLOTS SENT BY MAIL

# Voter Experience Survey in Los Angeles County

Presidential General Election

November 2024

## Introduction & Overview

Following the 2024 General Election, the Los Angeles County Registrar-Recorder/County Clerk conducted the voter experience survey to evaluate satisfaction, preferences, and trust in the election process. This survey collected responses from voters who cast their ballots through different methods, including Vote by Mail (VBM) via USPS, VBM at Ballot Drop Boxes, VBM Vote Center Drop-Offs, and Vote Center In-Person Voting.









LAVOTE.GOV

# Election Survey: Total Survey Responses



**14,135**
VBM Ballot Drop Box



**11,177**
VBM Returned by Mail



**2,872**
VBM Ballot Drop-Off at Vote Center



**7,058**
In-Person Voting at Vote Center



# Election Survey: Voter Experience by Method



## VBM Ballot Drop Box

- **96.82%** of voters reported a positive or very positive experience.
- **67%** of voters said they returned their ballots weeks before Election Day.
- **93.85%** trusted that their ballot was safe and secure.



## VBM Returned by Mail

- **95.89%** of voters reported a positive or very positive experience.
- **70.82%** said they returned their ballot the same week they received it.
- **90.92%** trusted that their ballot was safe and secure.



## VBM Ballot Drop-Off at Vote Center

- **93.98%** of voters reported a positive or very positive experience.
- **53.69%** said they returned their ballot days before Election Day.
- **90.92%** trusted that their ballot was safe and secure.



## In-Person Voting at Vote Center

- **92.27%** of voters had a positive or very positive experience.
- **94%** of voters found election workers helpful.
- **72.18%** have confidence in the election process.

# Election Survey: Trust & Confidence









# Election Survey: Reasons for Voting Choices

## Why Voters Waited to Return Ballots:

- Preferred to vote on or close to Election Day (Top Reason Across All VBM Methods)
